နိုင်ငံရပ်ခြားပညာသင်ယူခြင်း

အနာဂတ်ဘဝအလားအလာများ

# ဒေါက်တာဋေ



# နိုင်ငံရပ်ခြားပညာသင်ယူခြင်းနှင့်

# အနာဂတ်ဘဝအလားအလာများ

ဒေါက်တာနေ

## ဒို့တာဝန်အရေးသုံးပါး

⇨ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
⇨ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
⇨ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

⇨ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
⇨ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
⇨ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
⇨ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

⇨ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
⇨ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
⇨ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
⇨ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

⇨ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
⇨ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
⇨ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
⇨ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

⇨ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
⇨ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
⇨ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
⇨ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၈၆၁၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၂၈၄၁၂၀၈

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - ၂၀၀၉၊ ဇန်နဝါရီလ

အုပ်ရေ - ၅၀၀

မျက်နှာဖုံးဒီဇိုင်း - T.O

**ပုံနှိပ်သူ**

ဦးလင်းရှိန် (ခိုင်ပွင့်ဖြူပုံနှိပ်တိုက်)

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)

**ဖြန့်ချိသူ**

နဝရတ်ပညာရေး

အမှတ်(၈၂)၊ အနော်ရထာလမ်းနှင့် (၃၉)လမ်းထောင့်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၁- ၂၅၀၂၂၅၊ ၂၅၀၁၅၀

**တန်ဖိုး**

၁၀၀၀ ကျပ်

# မာတိကာ

စာရေးသူ၏အမှာ

နဝရတ်စာပေ၏အမှာ

နိုင်ငံရပ်ခြားပညာသင်ယူခြင်းနှင့်အနာဂတ်ဘဝအလားအလာများ ■ ၁

နာဂစ်မုန်တိုင်းအလွန်စိတ်ဝင်စားလာကြသည့်ဘာသာရပ်များ ■ ၈

Public Health ■ ၁၃

ပညာသင်ယူမည့်နိုင်ငံရွေးချယ်ခြင်း ■ ၂၇

ရှောင်ရန်၊ ဆောင်ရန် အချက်များ ■ ၃၄

Agency များအတွက် ■ ၃၉

ဗီဇာ၊ ပြည်ဝင်ခွင့် ■ ၄၇

မောင်အောင်သက်ဟန်နှင့် IELTS ■ ၅၅

မှာလိုက်ချင်တယ် ■ ၆၀

အင်္ဂလန်မှာ အချိန်ပိုင်းအလုပ်ရအောင် ဘာတွေလိုသလဲ ■ ၇၀

NHS မှတ်ပုံတင်ဖို့မမေ့နဲ့ ■ ၇၅

HND ခေတ် ■ ၇၇

ရွေးချယ်ရန်ဘာသာရပ်များ ■ ၈၈

တက္ကသိုလ်၊ ကောလိပ် ရွေးချယ်ခြင်း ■ ၁၁၆

အနာဂတ်ဘဝအလားအလာများ ■ ၁၂၁

# စာရေးသူ၏အမှာ

အိမ်ရှေ့စံကိုယ်တော် ကနောင်မင်းသားကြီးနှင့် ယောအတွင်းဝန် ဦးဘိုးလှိုင်တို့ခေတ်ကတည်းက နိုင်ငံရပ်ခြားသို့ ပညာတော်သင်တွေ စေလွှတ်ခဲ့ကြသည်။ ပညာတော်သင်တွေကလည်း အမှန်တကယ်တတ်မြောက်အောင် သင်ယူခဲ့ပြီး ရတနာပုံခေတ်ကို စက်ရုံ၊ အလုပ်ရုံတွေဖြင့် ခေတ်မီအောင် ကြိုးစားဆောင်ရွက်ခဲ့ကြသည်။

နန်းတွင်း၊ အိမ်တွင်း အလှဆင်မှု Decoration နှင့် ဝတ်စားဆင်ယင်မှု ပညာများကိုပင် နန်းတွင်းသူအချို့ကို စေလွှတ်ပညာသင်ယူစေခဲ့သည်။

နိုင်ငံရပ်ခြားမှ ရှောင်ရန်၊ ဆောင်ရန် တွေကို မဆင်ခြင်ဘဲ ရတနာပုံနေပြည်တော် ပြန်ရောက်သည်အထိ ဥရောပစတိုင်ဖမ်းပြီး ဝတ်စားနေသော နိုင်ငံခြားပြန် နန်းတွင်းသူအချို့ကို အဝတ်အစား ဗလာကျင်းစေကာ ကြိမ်ဖြင့်အားပါးတရရိုက်ပြီး ဆုံးမခဲ့ကြောင်းကိုလည်း ဖတ်မှတ်ခဲ့ရဖူးသည်။

ပြုံးမိသည်။ ကျေနပ်စွာ ပြုံးမိသောအပြုံး။

ကျွန်တော် အင်္ဂလန်တွင် ပညာရေးတာဝန် ဆောင်ရွက်နေသည်မှာ (၇)နှစ်ခန့်ရှိပြီ။ ပညာကို အလေးထားသင်ယူနေသည့် မြန်မာကျောင်းသား၊ ကျောင်းသူများကို တွေ့ရတိုင်း သူတို့အနာဂတ်အတွက် ပီတိဖြစ်မိသည်။

ပညာသင်ယူရေးထက် ကပွဲရုံများ၌ ဥရောပသူများနည်းတူ ဗလာကျင်းလုနီးပါ ဝတ်စားပြီး ကခုန်နေကြသော မြန်မာကျောင်းသူအချို့၏သတင်းကိုကြားတိုင်း ယောမင်းကြီးနှင့် အိမ်ရှေ့စံကိုယ်တော်ကြီးတို့၏ ကြိမ်လုံးကို သတိတရဖြစ်မိသည်။

ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရခဲ့သည့် ၁၉၇၄ ခုနှစ်မှ ယခုတိုင် ဆရာဘဝမှာပင်ကျင်လည်နေရသော ကျွန်တော့်အဖို့ ကျောင်းသား၊ ကျောင်းသူတိုင်းကို ထူးချွန်စေချင်သည်။ ကောင်းစေချင်သည်။ သို့သော် လူ့အခွင့်အရေး အလွန်အကျွံပေးထားသော ဥရောပနိုင်ငံများတွင် သားသမီးအရင်းကိုပင် မိဘများက ဆူပူဆုံးမပိုင်ခွင့်မရှိပါ။

ကျွန်တော် ဆရာတစ်ဦးအနေဖြင့် အဆိုပါ လမ်းမှားလိုက်နေသူများကို ဆုံးမစကားပြောခဲ့ဖူးပါတယ်။ လိုက်နာသူထက်၊ မလိုက်နာသူကများသည်။ ရေစီးသန်သောချောင်းထဲတွင် မျောပါသွားသော အမှိုက်သရိုက်သဖွယ် ဆယ်မရ၊ ကယ်မရ။

" ဒီဆရာ နေရာတကာ ဆရာလုပ်ချင်တယ်"

" သူ့စာသင်ခန်းများ မှတ်နေလားမသိဘူး"

" ရောမရောက်ရင် ရောမလိုကျင့်ရမယ်၊ ဒီဆရာ ဒါတောင် မသိဘူးထင်တယ်"

ဟူသော ကျွန်တော့် နောက်ကွယ်တွင်ပြောသော တုန့်ပြန်စကားများကိုသာ ပြန်ကြားရတတ်ပါသည်။ သူတို့ကို 'နောင်တ'တွေ တပွေ့တပိုက်ကြီး ရပြီးမှ အမြင်မှန်ရသွားတာမျိုး မဖြစ်စေချင်ပါ။

မြန်မာမိသားစုတစ်စုအတွက် သားသမီးကို နိုင်ငံခြားသို့ သွားရောက်ပညာသင်ယူစေခြင်းမှာ စွန့်စားမှုတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် လူလတ်တန်းလွှာ မိသားစုများအတွက် ငွေကြေးကုန်ကျရမှု ပမာဏမှာ မဟာစွန့်စားမှုတစ်ရပ်ဖြစ်သည်။ သားသမီး နိုင်ငံရပ်ခြား ရောက်သွားသည်နှင့် . . .

'သားက အင်္ဂလန်မှာလေ . . . . . .'

'သမီးက ဩစတြေးလျမှာလေ . . . . .'

ဟု အားပါးတရ ဂုဏ်ယူဝင့်ကြွားစွာ ပြောလေ့ရှိကြသည်။ မိဘတွေ ဂုဏ်ယူပြီး ပျော်မဆုံး၊ မော်မဆုံး ကြွားလို့ကောင်းနေတုန်း သားသမီးတွေက ကဲချင်တိုင်းကဲပြီး Living together လုပ်နေကြသည်။

ထို့ကြောင့် ကျွန်တော် ပွင့်လင်းစွာ အကြံပြုချင်ပါတယ်။ နားနဲ့ပဲနာနာ၊ ဖဝါးနဲ့ပဲနာနာ။ ကြိုက်တာနဲ့နာနိုင်ပါတယ်။ 'ကိုယ့်ကိုကိုယ် ပြုစုပျိုးထောင်လိုစိတ်မရှိသည့် သားသမီးမျိုးကို နိုင်ငံရပ်ခြားသို့ ပညာသင်မလွှတ်သင့်ပါ။ မြန်မာမှုနယ်ပယ်တွင် ' မြင်းချိုတတ်ပေးသလို' ဟူသောစကားရှိပါသည်။

နိုင်ငံရပ်ခြားသို့ အမှန်တကယ်ပညာသင်ယူရန် သွားသည့်သူများအတွက် အနာဂတ်ဘဝအလားအလာကောင်းများ အပြည့်အဝရမှာ သေချာသည်။ နိုင်ငံရပ်ခြားသို့ သွားရောက်ပညာဆည်းပူးမည့်သူတိုင်း

' ကောင်းမှုမြတ်နိုး

ကောင်းအောင်ကြိုး၍

ကောင်းကျိုးကိုယ်၌တည်စေမင်း '

ဟူသော ဆုံးမစာကို အကြိမ်ကြိမ်ရွတ်ဆိုပြီး မိမိကိုယ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားကြပါ။

ထူးချွန်အောင်မြင်ကြပါစေ။

ဒေါက်တာနေ

# နဝရတ်စာပေ၏အမှာ

ဆရာဒေါက်တာနေ၏ 'အမြင့်ပျံမည့်ငှက်များသို့' စာအုပ်ကို နဝရတ်စာပေမှ ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ နိုင်ငံရပ်ခြားသို့ ပညာသင်သွားမည့်သူများ၏ လက်စွဲစာအုပ်ဖြစ်ခဲ့သဖြင့် များစွာကျေနပ်အားရဖြစ်ရပါသည်။

အင်္ဂလန်တွင် အလုပ်တာဝန် ထမ်းဆောင်နေရာမှ ဆရာဒေါက်တာနေ မြန်မာပြည်သို့ ခေတ္တပြန်လာတိုင်း နဝရတ်ပညာရေးမိသားစု၏မေတ္တာရပ်ခံချက်အရ 'နိုင်ငံရပ်ခြားပညာသင်သိကောင်းစရာ' အကြောင်းအရာများကို ဆရာဟောပြောပေးလေ့ရှိပါသည်။

ယခုစာအုပ်မှာ (၂၇-၇-၂၀၀၈) နေ့တွင် ရန်ကုန်မြို့ Traders Hotel ၌ 'နိုင်ငံရပ်ခြားပညာသင်ယူခြင်းနှင့် အနာဂတ်ဘဝအလားအလာ' ခေါင်းစဉ်ဖြင့် ဆရာဟောပြောခဲ့သော အကြောင်းအရာများကို စာအုပ်အဖြစ် ပြုစုထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။ နိုင်ငံရပ်ခြားပညာသင်အကြောင်းအရာကို စိတ်ပါဝင်စားသူများအတွက် များစွာအကျိုးပြုမည့် စာအုပ်ကောင်းတစ်အုပ်ဟု ယုံကြည်ပါသည်။

ထုတ်ဝေသူ

# နိုင်ငံရပ်ခြားပညာသင်ယူခြင်းနှင့်

# အနာဂတ်ဘဝအလားအလာများ

၁၇–၇–၂၀၀၈ နေ့ Traders Hotel ၌

ကျင်းပသော ပညာရေး ဟောပြောပွဲမှ

အချက်အလက်များကို စုစည်း၍

ဖြည့်စွက်တင်ပြသည်။

# နိုင်ငံရပ်ခြားပညာသင်ယူခြင်းနှင့် အနာဂတ်ဘဝအလားအလာများ

ကြွရောက်လာတဲ့ ပညာရေးကို စိတ်ပါဝင်စားသူ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

ပညာခေတ် Knowledge Age မှာ မြန်မာလူငယ်တွေ နိုင်ငံရပ်ခြားမှာ စွမ်းစွမ်းတမံ ပညာဆည်းပူးနေကြတာ ဝမ်းသာအားရစရာ ကောင်းပါတယ်။

မိမိဆည်းပူးနေတဲ့ ဘာသာရပ်ဟာ မိမိအနာဂတ်ဘဝအတွက်၊ မိမိနိုင်ငံအတွက်၊ ဒီထက် ကြီးကျယ်ခမ်းနားစွာပြောရရင် ကမ္ဘာကြီး အတွက် အကျိုးပြုဖို့လိုပါတယ်။

ဒါကြောင့် Education for All အစီအစဉ်နဲ့ ကျင်းပတဲ့ ဒီဟောပြောပွဲဟာ နိုင်ငံတကာ ပညာဆည်းပူးမှုနယ်ပယ်က ဘဝအာမခံ ချက်ရှိတဲ့ ပညာရပ်နယ်ပယ်တွေကို လူငယ်တွေမြင်နိုင်ဖို့၊ ခြေဖျား ထောက်ကြည့်တတ်ဖို့၊ တတ်ကျွမ်း၊ အတွေ့အကြုံရှိသူတွေရဲ့ ပခုံးပေါ်ကို တက်ပြီး ကျော်ကြည့်တတ်ဖို့ ကျင်းပပေးတာဖြစ်ပါတယ်။

ဟောပြောပွဲဆိုပေမယ့် မိသားစုစကားဝိုင်းမှာ တရင်းတနှီး ပြောသလို ကျွန်တော့်ကို ပြောခွင့်ပြုပါ။ ဒီဟောပြောပွဲဟာ Advertisement Seminar လို့ခေါ်တဲ့ ကြော်ငြာသက်သက်ဟောပြောပွဲမျိုး မဟုတ်ပါ။

Food for Thought လို့ခေါ်တဲ့ စဉ်းစားတွေးဆစရာ အချက်အလက် အကြောင်းအရာတွေ၊ အကြံပြုချက်တွေကိုပဲ ရွေးချယ်ပြောသွားပါမယ်။

စာပိုဒ်တစ်ပိုဒ်၊ စာကြောင်းတစ်ကြောင်းနဲ့ စိတ်အပြောင်းကြီးပြောင်းသွားသူတွေ၊ ကြီးပွားချမ်းသာသွားသူတွေ အများကြီးရှိပါတယ်။

ဒီနေ့ဟောပြောပွဲမှာ ကျွန်တော်တင်ပြသွားမယ့် အကြောင်းအရာတွေ နားထောင်ပြီး လူငယ်တွေ ဘဝအတွက် ပြင်ဆင်တတ်မယ်၊ မိမိအနာဂတ်အတွက် ယုံကြည်စိတ်တွေ အပြည့်အဝဝင်လာစေမယ် ဆိုရင် ဟောပြောရကျိုးနပ်ပါတယ်။

ပထမဆုံး လူငယ်တွေကို ပြောချင်တာက ကိုယ့်ကိုကိုယ် အထင်မသေးပါနဲ့ဆိုတဲ့ အချက်ပါပဲ။

* " ငါက မှတ်ဉာဏ်မကောင်းဘူး"

" ငါ့လက်ရှိ အင်္ဂလိပ်စာအခြေအနေနဲ့ နိုင်ငံရပ်ခြားမှာ ပညာသင်လို့ ဖြစ်ပါ့မလား" ဆိုတဲ့ နိမ့်တဲ့ အတွေးမျိုးတွေ လုံးဝမတွေးပါနဲ့။

ကိုယ့်နာမည်ကို မှတ်မိနေရင် ဉာဏ်ကောင်းနေတုန်းပဲလို့ မှတ်ပါ။ စိတ်ပါဝင်စားမှု interest နဲ့ အာရုံစူးစိုက်မှု concentration ရှိလာရင် ဉာဏ်ကောင်းလာမယ်။ အဲဒီ စိတ်ဝင်စားတဲ့ အကြောင်းအရာမှာ ထူးချွန်ထက်မြက်လာမှာ သေချာပါတယ်။

ကျောင်းစာမှာညံ့ပေမယ့် ရုပ်ရှင်ကားတွေကြတော့ အကုန်မှတ်မိတဲ့သူ တော်တော်များများ တွေ့ဖူးကြမှာပါ။ အဲဒါ ရုပ်ရှင်ကားကို အာရုံစူးစိုက်လို့ပါ။ အရေးကြီးဆုံးက အာရုံစူးစိုက်မှုပါ။

သိပ္ပံပညာရှင် အယ်ဒီဆင်ကို ပစ္စည်းအမျိုးပေါင်း (၁၀၀၀) ကျော် တီထွင်စေခဲ့တာ သူ့ရဲ့အာရုံစူးစိုက်မှုနဲ့ ဖွဲ့ပါပဲ။

Bill Gates ကို ပညာရှင်အဖြစ် ကြီးပွားချမ်းသာစေခဲ့တာလည်း အာရုံစူးစိုက်မှုနဲ့ ဖွဲ့ပဲ။ ၂၀-ရာစုနဲ့ ၂၁-ရာစုထဲမှာ ပညာခေတ်ကို သက်သေထူပြတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ် Bill Gates ကို လေးစားကြပါတယ်။

သူ့ဆောင်ပုဒ်က -

" If you were born poor, it was not your mistake.

But if you die poor, it is your mistake." တဲ့။

အားပါတဲ့စကားပါ။

ဆင်းရဲတဲ့မိဘနှစ်ပါး မိသားစုက မွေးလာလို့ ဘာမှအားငယ်စရာမလိုပါဘူး။ မကြိုးမစားနဲ့ ကိုယ်အသုံးမကျလို့ ဆင်းဆင်းရဲရဲဖြစ်တာမှ ကိုယ့်အမှား၊ ကိုယ့်အားနည်းချက်လို့ Bill Gates က ဆိုထားပါတယ်။

ဒါကြောင့် ဆင်းရဲတဲ့မိသားစုက မွေးဖွားလာတဲ့ လူငယ်တွေဟာ အင်ပြည့်အားပြည့် ပိုပြီးကြိုးစားဖို့ လိုပါတယ်။ ကံကောင်းလို အဆင်ပြေချမ်းသာတဲ့မိသားစုက ပေါက်ဖွားလာတဲ့ လူငယ်တွေအနေနဲ့လည်း မိမိအနာဂတ်ကို မိဘတွေကြွယ်ဝတာထက် သာလွန်အောင် ပိုကြိုးစားရပါမယ်။

အားငယ်စိတ်ကိုလွှင့်ပစ်လိုက်ပါ။

အဲဒီအားငယ်စိတ်ဟာအမှိုက်ပဲ။

အပျင်းပြေဆိုပြီး လမ်းဘေးကအမှိုက်တွေပွေ့ပြီး အိမ်ပေါ်တင်ပြီးမှ အမှိုက်လှဲတဲ့သူ မရှိပါဘူး။ ဒါပေမယ့် စိတ်ဆင်းရဲစရာတွေကိုပဲ

ရှာကြံစိတ်ထဲထည့်ပြီး ညည်းနေတဲ့သူတွေက များတယ်၊ အမှိုက်တွေ အိမ်ပေါ်တင်ပြီး လှဲနေတာနဲ့ ဘာထူးသေးလဲ၊

တကယ်အောင်မြင်ချင်ရင် ကိုယ့်ကိုယ်ကို ယုံကြည်စိတ် Confidence အပြည့်နဲ့ စိတ်အင်အားရှိဖို့က နံပါတ်တစ် အရေးကြီးဆုံးပဲ၊ အဲဒီ စိတ်အင်အားကောင်းကောင်းနဲ့ အနာဂတ်ဘဝအတွက် ကြိုတင်စီမံကိန်းဆွဲပြီး ကြိုးစားကြဖို့ လိုပါတယ်၊

ပထမဆုံးအချက်က ကိုယ်စိတ်ပါဝင်စားတဲ့ ဘာသာရပ်နယ်ပယ်ကို ကိုယ့်ဘာသာကို သိနေဖို့လိုပါတယ်၊ ဒါမှ ကိုယ်နဲ့ကိုက်ညီတဲ့ "ဘာသာရပ်" ကို ရွေးချယ်တတ်လာမှာပါ၊ (၁၀)တန်းစာမေးပွဲမှာ အမှတ်ကောင်းရင် ဆေး၊ စက်မှု တက္ကသိုလ် ဦးစားပေးလျှောက်ကြပါတယ်၊ ကျောင်းလည်းပြီးရော ဝါသနာမပါဘူးဆိုပြီး ဆေးတက္ကသိုလ် တက်ပြီးတဲ့သူက စီးပွားရေးနယ်ထဲ ခြေစုံပစ်ဝင်ကြတယ်၊ ငွေရော၊ အချိန်ရော အင်မတန်နှမြောစရာ ကောင်းပါတယ်၊

တချို့ ကျောင်းသားတွေဟာ စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေ အမြောက်အများပေါ်လာတော့ စီးပွားရေးတက္ကသိုလ်ကို တက်ဖို့ စိတ်အားထက်သန်လာကြပြန်တယ်၊

Computer ခေတ်ရောက်တော့ ကွန်ပျူတာတက္ကသိုလ်ဘက် အာရုံများလာကြပြန်တယ်။

သူ့ခေတ်၊ သူ့အခါ ဆိုသလိုပေါ့လေ . . . ။

အမှန်တကယ်က ကိုယ်စိတ်ပါဝင်စားမယ့် ဘာသာကိုသာ ရွေးချယ်သင့်ပါတယ်။ နည်းပညာတိုးတက်မှု အရှိန်အဟုန်ပြင်းနေတဲ့ ခေတ်မှာ အသစ်အသစ်ပေါ်လာတဲ့ ဘာသာရပ်တွေကို မျက်ခြေမပြတ်ဖို့လိုပါတယ်။

ဒီနေ့ဟောပြောပွဲမှာ စိတ်ဝင်စားဖို့လည်းကောင်း၊ အများအတွက်လည်း အကျိုးရှိ၊ ကိုယ့်အနာဂတ်အတွက်လည်း အလားအလာကောင်းတဲ့ ဘာသာရပ်တွေကို မိတ်ဆက်ဟောပြောသွားပါမယ်။

# နာဂစ်မုန်တိုင်းအလွန် စိတ်ဝင်စားလာကြသည့်ဘာသာရပ်များ

အခု နာဂစ်မုန်တိုင်း သောင်းကျန်းအပြီးမှာ လူကြီး၊လူငယ်တွေ ကိုယ်နေထိုင်တဲ့ကမ္ဘာကြီးကို ဂရုစိုက်မိလာကြတယ်။ မုန်တိုင်းနဲ့အတူ တပျော်တပါးကြီးလွင့်ထွက်သွားတဲ့ ကိုယ့်အိမ်ခေါင်မိုးက သွပ်မိုးတွေ ပြန်မိုးကြ၊ ရောဝတီက လေဘေးသင့်ဒုက္ခသည်တွေဆီကို သွားပြီးကူညီ နေတုန်းမှာပဲ တရုတ်ပြည် စီချွမ်မှာ ငလျင်က သောင်းကျန်းပြန်ရော၊ ပြီးတော့ ဖိလစ်ပိုင် . . .။

နောက်ထပ် မုန်တိုင်းလာမလို့တဲ့ဆိုတာကြားပြီး ဘယ်အထုပ် ဘယ်ဆွဲပြေးရမလဲ စဉ်းစားနေတုန်း မုန်တိုင်းက အိန္ဒိယဘက်ရောက် သွားပြီဆိုတဲ့ သတင်းကြားမှ သက်ပြင်းချကြရပြန်တယ်။

ကမ္ဘာကြီး မကျန်းမမာဖြစ်နေတာ သေချာနေပြီ။ သူ့ကို အာလ်ထရာဆောင်း (Ultra Sound) ရိုက်စရာ၊ သွေးစစ်စရာ မလိုတော့ ဘူး။ အာရှ၊ အမေရိက၊ ဥရောပ၊ အာဖရိက အားလုံးခံနေကြရတာ။ လူမနေတဲ့ ဝင်ရိုးစွန်းတွေမှာကို ရာသီဥတုက ဖောက်ပြန်၊ ရေခဲတောင်

တွေ အရည်ပျော်၊ ပင်လယ်သမုဒ္ဒရာတွေ မြင့်တက်နဲ့ အနိမ့်ပိုင်းကျတဲ့ နိုင်ငံတွေ ထိက်ထိတ်ပျာပျာ ဖြစ်နေကြတာ အနှစ်နှစ်ဆယ်ကျော်ပြီ။

ကျွန်တော်တို့ မြန်မာနိုင်ငံက "နာဂစ်" လာမှ မျက်လုံးပြူးတာ။ ကျွန်တော် England တနေ (၃)ရက်ကြိုပြီး သမီးကိုသတိပေးတယ်။ မုန်တိုင်းတိုက်မယ်၊ Internet မှာတွေ့ရတယ်ပေါ့။ တကယ်တိုက်မယ့် ၂၀၀၈၊ မေလ(၂)ရက်နေ့ မနက်ပိုင်းမှာ သမီးက ခပ်လျှောင်လျှောင်နဲ့ ဖုန်းပြောတယ်။

" အဖေ့ နာဂစ် မလာသေးပါလား " တဲ့။

ရယ်ကျဲကျဲနဲ့ပေါ့ဗျာ။

ကျွန်တော်တောင် ကိုယ့်ကိုကိုယ် သံသယဖြစ်သွားတယ်။ ငါ့ Internet ကသ ၢင်း ဟုတ်မှဟုတ်ပါ့မလားပေါ့။ ဒါနဲ့ အဲဒီနေ့ ညနေပိုင်းက ဘင်္ဂလားဒေ့ရှ် Bangladesh မိုးလေဝသဌာနကို တိုက်ရိုက် ဖုန်းဆက်ကြည့်တော့ အခုပဲ မြန်မာပြည်ထဲ နာဂစ်ဝင်နေပါပြီတဲ့။ အလန့် တကြား မြန်မာပြည်ကို ဖုန်းခေါ်လိုက်တော့ " သစ်ပင်တွေလဲကုန်ပြီ အဖေရေ " ဆိုတဲ့အသံပဲ ကြားလိုက်ရတယ်။ ဖုန်းလိုင်းပျက်သွားလိုက်တာ တစ်ပတ်လောက်ကြာသွားတယ်။

ကျွန်တော်တို့နိုင်ငံက ဒီရေတောတွေ၊ သန္တာကျောက်တန်းတွေရှိလို့ ဒီလောက်ပဲ ခံလိုက်ရတာ။ အဲဒီ သဘာဝဘေးဒဏ် Natural Disaster ခံနိုင်တဲ့ သဘာဝတောတောင်တွေသာ မရှိရင် ဆယ်ဆမက ပိုဆိုးမယ်။

ကျွန်တော် စောစောကပြောတဲ့ သဘာဝဘေးဒဏ်ပိုခံရတဲ့ နိုင်ငံတွေ၊ ပင်လယ်ရေအောက် ရောက်ဖွယ်ရှိတဲ့ နိုင်ငံတွေဟာ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကစပြီး ထိတ်ထိတ်ပျာပျာနဲ့ ကြိုတင်ကာကွယ်မှုတွေလုပ်နေကြပါတယ်။

ဒီလို ဖြစ်ပျက်နေတာဟာ လွန်ခဲ့တဲ့(၂၃)နှစ် ၁၉၈၅ကတည်းက စခဲ့တာပါ။ အဲဒီ ၁၉၈၅ခုနှစ်မှာ ဗြိတိသျှ အန္တာတိတ် လေ့လာရေးအဖွဲ့တစ်ဖွဲ့ တောင်ဝင်ရိုးစွန်းကိုရောက်တဲ့အခါမှာ တစ်မိုင်လောက်ရှိတဲ့ အိုဇုန်းလွှာဟင်းလင်းပြင် အပေါက်ကြီးတစ်ခုကို သူတို့ စတင်တွေ့ရှိခဲ့ပါတယ်။

ဒါဟာ လူသားအားလုံးအတွက် အင်မတန်ကြီးမားတဲ့ အန္တရာယ်ကျရောက်ခံစားရမယ့် ရှေ့ပြေးတွေ့ရှိချက်တစ်ခု ဖြစ်ပါတယ်။ Global Warming ဆိုတဲ့အန္တရာယ်ပါ။ ကမ္ဘာကြီးဟာပူရင် အလွန်အမင်း

ပူမယ်၊ အေးရင်လည်း အလွန်အမင်း အေးတော့မယ် ဆိုတာကို Global Warming လို့ခေါ်ပါတယ်၊

အဲဒီအဖွဲ့ဟာ ၁၉၈၇ခုနှစ်မှာ တောင်ဝင်ရိုးစွန်းကို ဒုတိယအကြိမ်သွားရောက်ပြီး လေ့လာပြန်ပါတယ်၊ တစ်လအတွင်းမှာ အိုဇုန်းလွှာ ၅၀% ပါးလွှာပျက်စီးနေကြောင်း ကမ္ဘာတစ်ဝှမ်းလုံးကို အရေးပေါ်အသိပေးကြေငြာခဲ့ပါတယ်၊ ဒါကြောင့် မြေနိမ့်ပိုင်းနိုင်ငံတွေဟာ အကြီးအကျယ် ထိတ်လန့်သွားကြပါတယ်၊

CFCs ဆိုတဲ့ အိုဇုန်းလွှာကို ဒုက္ခပေးတဲ့ Chlorofluoro-carbons ဓါတုပစ္စည်းပါဝင်တဲ့ စွန့်ပစ်ပစ္စည်းတွေကို ကန့်သတ်ကြ၊ အမြောက်အများပစ္စည်းတွေထုတ်တဲ့ စက်ရုံတွေမှာ အဲဒီ ကာဗွန်အမျိုးအစား ထုတ်လွှတ်မှုလျော့နည်းတဲ့ နည်းပညာရှာကြနဲ့ အလုပ်များနေကြတာ ကြာပါပြီ၊

အဲဒီ လိုအပ်ချက်တွေအတွက် နည်းပညာဘာသာရပ်အသစ်တွေ ပေါ်လာသလို နဂိုရှိပြီးသား ဘာသာရပ်တွေကနေ Global Warming အတွက် တိုက်ရိုက်အသုံးပြုနိုင်တဲ့ မွမ်းမံဘာသာရပ်တွေ ပေါ်ထွက်လာပါတယ်၊

ကျွန်တော် တင်ပြချင်တာက ကမ္ဘာကြီးကလိုအပ်နေတဲ့ ပညာရပ်ကို သင်ယူမယ်၊ တတ်ကျွမ်းမယ်ဆိုရင် ကမ္ဘာကြီးက ကိုယ့်ကို အားကိုးနေရမယ်ဆိုတာပါပဲ။

ကျွန်တော်ဒီနေ့ပြောပြမယ့် 'နိုင်ငံရပ်ခြားပညာသင်ယူခြင်းနှင့် အနာဂတ်ဘဝအလားအလာ' ရဲ့ အဓိကပစ်မှတ်က အဲဒါပဲ။ ကုန်ပစ္စည်းထုတ်ရာမှာ အများလိုအပ်တာ ထုတ်နိုင်ရင် ရောင်းလို့စွံမှာပဲ၊ အဲဒီလိုပဲ လူတိုင်းလိုအပ်တာကို ဖြည့်ဆည်းပေးနိုင်မယ့် ဘာသာရပ်ကို တတ်ကျွမ်းသူဟာ ကျိန်းသေအောင်မြင်မှုရမှာပဲ။

မကျန်းမမာဖြစ်နေတဲ့၊တနည်းအားဖြင့် Global Warming ဖြစ်နေတဲ့ ကမ္ဘာကြီးအတွက် အထူးအရေးပါတဲ့ ဘာသာရပ်တွေထဲက တစ်ခုက Public Health ။

# Public Health

ဒီဘာသာရပ်ဟာ အများပြည်သူ ကျန်းမာရေးအတွက် စီမံခန့်ခွဲဆောင်ရွက်ပေးတဲ့ လုပ်ငန်းရဲ့ အဓိကလိုအပ်ချက် ဖြစ်ပါတယ်။

Nargis Cyclone ဒဏ်ခံရတဲ့ဒေသတွေကို ကွင်းဆင်းကူညီတဲ့ ပြည်ပ Volunteer လုပ်အားပေးဆေးအဖွဲ့တွေကို ဦးဆောင်မှုပေးတဲ့ သူတွေဟာ Public Health နဲ့ ဘွဲ့ရသူတွေဖြစ်ပါတယ်။ အဲဒီမှာ ကိုယ်တွေ့ကွင်းဆင်းကြ၊ ကူညီကြတဲ့ မြန်မာလူငယ်ဆရာဝန် တော်တော်များများ ကျွန်တော့်ကို Public Health သင်ယူချင်ကြောင်းပြောပြီး အကြံဉာဏ်ကောင်း တောင်းကြပါတယ်။ ဒီဘာသာရပ်ရဲ့ အရေးပါပုံကို သိလေ သင်ယူချင်ကြလေပေါ့။

Public Health ကို သင်ယူချင်သူတွေရဲ့ အခြေခံပညာအရည်အချင်းဟာ (၁၀)တန်းအောင် ဖြစ်ပါတယ်။ ဒါ ကျွန်တော်ပြောတာ။ UK/ USA/ Canada/ Australia/ Singapore နိုင်ငံ တက္ကသိုလ်တွေကတော့ (၁၀)တန်းအောင်ရမယ်။ ပြီးတော့ IELTS ဒါမှမဟုတ် TOEFL အောင်ရမယ်၊ အမှတ်လည်းကောင်းရမယ်လို့ ဆိုမှာပဲ။

ကျွန်တော်က မြန်မာပြည်က လူငယ်တွေ (၁၀)တန်းအောင်ရုံနဲ့ တက်ခွင့်ရမယ်လို့ ဆိုရဲတာက အဲဒီ IELTS/TOEFL ကို ကျော်လွှားတဲ့ HND Foundation ကို မြန်မာပြည်မှာ (၅)လ၊ (၆)လ လောက်တက်ပြီး အောင်မြင်တာနဲ့ တက်ခွင့်ရမယ်ဆိုတာ သိနေလို့ပါ။ ပြောရဲတာပါ။ အဲဒီအချက်ကို ပါးပါးနပ်နပ်မြင်ဖို့၊ သိဖို့လိုပါတယ်။

IELTS အောင်မှ အင်္ဂလန် . . .၊ ပြည့်ပြည့်စုံစုံပြောရရင် ဗြိတိန်ပေါ့ဗျာ။ အဲဒီက တက္ကသိုလ်၊ ကောလိပ်တွေကို ဝင်ခွင့်ရမှာ။ ဝင်ခွင့်ရပြီး HNDလိုင်းကိုသွားရင် HND Foundation ကိုစတက်ရမှာ။

အဲဒီ HND Foundation ကို မြန်မာပြည်မှာ သင်ကြားပို့ချဖို့အတွက် အင်္ဂလန် အစိုးရပိုင် Wigan & Leigh College နဲ့ နဝရတ်ပညာရေးက ၁၉၉၉ခုနှစ်ကတည်းက စာချုပ်တစ်ရပ် ချုပ်ဆိုပြီး HND(Higher National Diploma) ကို စသင်ခဲ့တာ။ ဒီဆောင်ရွက်ချက်ဟာ မြန်မာနိုင်ငံကလူငယ်တွေ နိုင်ငံရပ်ခြားကို သွားရောက် ပညာသင်ယူဖို့အတွက် အကောင်းဆုံး ဆုလာဘ် ဖြစ်ပါတယ်။

HND Foundation ကို မြန်မာပြည်မှာ သင်ခွင့်ရပြီဖြစ်တဲ့အတွက် IELTS နဲ့ TOEFL ကို ဖြေစရာမလိုဘဲ အချိန်ကုန်၊ ငွေကုန်

သက်သက်သာသာနဲ့ နိုင်ငံရပ်ခြားမှာ ပညာသင်ခွင့်ရပြီ ဖြစ်ပါတယ်။ IELTS (International English Language Testing System) နဲ့ TOEFL (Test of English as a Foreign Language) ဆိုတာက အင်္ဂလိပ်စာတတ်ကျွမ်းမှုကိုသာစစ်တဲ့ စာမေးပွဲတွေ ဖြစ်ပါတယ်။

HND Foundation မှာက အင်္ဂလန်ရောက်ရင် ကိုယ်သင်ယူရမယ့် ဘာသာရပ်တွေအပြင် ESOL (English for Speakers of Other Languages) ကိုပါ မသင်မနေရသင်ရမှာ။ အင်္ဂလန်ကို IELTS အောင်ပြီးသွားရင်လည်း အဲဒီမှာ ESOL ကိုသင်ရဦးမှာပဲ။ ဒါကြောင့် IELTS ထက် ESOL ပါဝင်တဲ့ HND Foundation က ပိုအားကောင်းတယ်လို့ ဆိုချင်တာပါ။

ကျွန်တော် မြန်မာပြည်ပြန်ရောက်တိုင်း နဝရတ်ပညာရေး မိသားစုက ကျင်းပပေးတဲ့ Education for All ဟောပြောပွဲတွေမှာ HND (Higher National Diploma) အရေးပါပုံကို အမြဲပြောလေ့ရှိပါတယ်။ ဒီနေ့ကျင်းပတဲ့ဟောပြောပွဲကို တက်ရောက်လာတဲ့ ၁၀တန်း စာမေးပွဲအောင်မြင်ပြီးစ လူငယ်တွေသိဖို့အတွက် HND အကြောင်း ကျွန်တော် နည်းနည်းပြောပြချင်ပါတယ်။

(HND ဆိုတာ ဗြိတိန်နိုင်ငံမှာ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်ကတည်းက ရေပန်းစား Popular ဖြစ်လာတာပါ။ တစ်နှစ်လုံးစာသင်၊ နှစ်ကုန်ရင်စာမေးပွဲစစ်တဲ့ Traditional Exam မျိုးကို မသုံးတော့ဘဲ၊ အကြောင်းအရာတစ်ခုသင်ပြီးတိုင်း HND ကျောင်းသားတွေဟာ အဲဒီအကြောင်းအရာအတွက် စာတမ်း Assignment ပြုစုပေးရပါတယ်။)

စာကြည့်တိုက် Library ကိုသွားပြီး စာအုပ်တွေထဲကဖြစ်စေ၊ Internet သုံးပြီး Google ကဖြစ်စေ၊ Yahoo ကဖြစ်စေ၊ MSN ကဖြစ်စေ ကိုယ်ရေးရမယ့် အကြောင်းအရာတွေကိုရှာဖွေပြီး ကိုယ့်အယူအဆ Idea တွေကိုပါ ပေါင်းစပ်ပြီး Assignment ရေးသားပြုစုတင်ပြရပါတယ်။ အဲဒီ Assignment ကိုမှ စာသင်ခန်း Class ထဲမှာ ဆွေးနွေးတင်ပြရပါတယ်။ တခြားသူတင်ပြတဲ့ Assignment ကိုလည်း ပါဝင်ဆွေးနွေးနိုင်ဖို့လိုပါတယ်။

သင်ကြားပေးတဲ့ဆရာတွေက ကျောင်းသားရဲ့ အရည်အချင်းကို Seven Common Skills လို့ခေါ်တဲ့ တတ်သိကျွမ်းမှုအပေါ် အကဲဖြတ်ခြင်းနည်း (၇)နည်းနဲ့ အမှတ်ပေး အကဲဖြတ်ရပါတယ်။

စာသင်နှစ်မကုန်မီ ၂လ (သို့) ၃လမှာ Work Placement လို့ခေါ်တဲ့ ကျောင်းပြင်ပ လုပ်ငန်းခွင်တွေကိုသွားပြီး လက်တွေ့သွားရောက် အလုပ်လုပ်ရပါတယ်။

အဲဒီလုပ်ငန်းခွင်က တာဝန်ရှိတဲ့ (ကြီးကြပ်သူ) Incharge က HND ကျောင်းသားရဲ့ လုပ်ငန်းခွင်မှာ ဆောင်ရွက်တာတွေကို လျှို့ဝှက်အမှတ်ပေးပြီး၊ သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်ကို ပို့ပေးပါတယ်။ ဘယ်လိုအချက်တွေကိုကြည့်ပြီး အမှတ်ပေးပါဆိုတာကိုတော့ သူတက်နေတဲ့ တက္ကသိုလ်၊ ကောလိပ်က အဲဒီ လုပ်ငန်းခွင်တွေကို အမှတ်ပေးပုံစံစာရွက်နဲ့အတူ ကြိုတင်မှာကြားထားရပါတယ်။ အဲဒီလို စာတွေ့၊ လက်တွေ့ ဟန်ချက်ညီလို့လည်း HND ကိုပဲ (၉၀)ရာခိုင်နှုန်းလောက်သင်ယူနေကြခြင်းဖြစ်ပါတယ်။

HND အောင်လက်မှတ်မှာ မိမိသင်ယူခဲ့တဲ့ ဘာသာရပ်အလိုက် Pass/ Merit/ Credit/ Distinction ဆိုတာတွေ ဖော်ပြထားပါတယ်။ နိုင်ငံတကာလုပ်ငန်းရှင်တွေကလည်း HND ဘွဲ့ရတွေကို ဦးစားပေး ခန့်ထားကြပါတယ်။

HND ဘွဲ့ရပြီး ဆက်လက်သင်ယူဦးမယ်ဆိုရင် Honour Degree ကို (၁)နှစ်၊ Master Degree အတွက် (၂)နှစ် ဆက်လက်ဆည်းပူးကြရပါတယ်။ HND ဘွဲ့ရပြီး လုပ်ငန်းခွင်ဝင်၊ (၁)နှစ်(၂)နှစ် လောက်ကြာမှ Master ဆက်တက်ရင်လည်း ရပါတယ်။ အဲဒါတွေကြောင့် HND ကို နှစ်သက်ကြတာပါ။

HND ကို ကြားဖြတ်ရှင်းနေရလို့ Public Health ကို မျက်ခြေပြတ်မသွားရအောင် Public Health မှာသင်ရမယ့် ဘာသာရပ်တွေအကြောင်း ဆက်ပြောချင်ပါတယ်။ သင်ယူရမယ့်ဘာသာရပ်တွေကို အကဲခတ်ကြည့်ရုံနဲ့ Public Health ဘွဲ့ရဲ့ အရေးပါပုံကို အလိုလိုသဘောပေါက်လာမှာပါ။

Public Health ဘွဲ့အတွက် (၃)နှစ် သင်ယူရပါမယ်။

ပထမနှစ်မှာ -

1. Understanding Health
2. Personal and Professional Skills
3. Introduction to Management in Healthcare
4. Development of Healthcare
5. Introduction to Health Promotion
6. Public Health Foundation

ဘာသာရပ်တွေကို သင်ယူရမှာဖြစ်ပါတယ်။

ဒုတိယနှစ်မှာ -

1. Evidence-Based Practice
2. Principles and Values in Health
3. Measuring Health and Disease
4. Research Methods
5. Optional Modules from a wide choice

တို့ကို သင်ယူရမှာဖြစ်ပါတယ်။

တတိယနှစ်မှာ -

1. Global Context of Public Health
2. Policies and Practice in Health
3. Work-Based Learning - Employability
4. Project
5. Optional Modules from a wide choice

တို့ကို သင်ယူရမှာဖြစ်ပါတယ်။

Public Health ဘာသာရပ်ကို တမ္ဘာက အလွန်အမင်းလိုအပ်လာတဲ့အတွက် Master နဲ့ Doctorate ဘွဲ့အထိ တိုးမြှင့်ပို့ချနေကြပြီဖြစ်ပါတယ်။

Public Health လိုပဲ Popular ဖြစ်တဲ့ ဘာသာရပ်က Environmental Management ဖြစ်ပါတယ်။ Global Warming ကို ကုစားဖို့အတွက် ရှေ့တန်းကတာဝန်ယူရတဲ့သူတွေ တတ်ကျွမ်းရမယ့်

ဘာသာရပ်ဖြစ်ပါတယ်၊ သင်ယူရမယ့်ဘွဲ့ ဖြစ်ပါတယ်။ သင်ယူရမယ့်ကာလ (၂)နှစ်ဖြစ်ပါတယ်။

သင်ယူရမယ့်ဘာသာရပ်တွေက -

E.M

ပထမနှစ်မှာ -

1. Law for Non-Lawyers
2. Ecology and Evolution
3. Key skills and Statistics
4. Natural Resource Economics
5. Environmental Management

ဒုတိယနှစ်မှာ -

1. Natural Resource Assessment
2. Soil and Plant Environmental
3. Catchment Management
4. Environmental Ecology
5. Ecosystems and the Biosphere
6. Research Skills
7. Soils and Environmental Pollution
8. Environmental Law

တို့ကို သင်ယူရမှာ ဖြစ်ပါတယ်။

ကိုယ့်ဘဝတစ်ခုလုံးအတွက် အရေးပါတဲ့သင်ယူမှုတွေမစခင်မှာ ဘဝအာမခံချက်ရှိတဲ့ ဘာသာရပ်တွေ ဟုတ်၊မဟုတ် ကြိုတင်အကဲဖြတ်

သင့်ပါတယ်။ ကိုယ့်အနာဂတ်ဘဝအတွက် အလားအလာကောင်းရမယ်၊ ကမ္ဘာကြီးကိုလည်းအကျိုးပြုမယ်။ "ကုသိုလ်လည်းရ၊ချမ်းသာကြ"ပေါ့။

အခုကျွန်တော်ပြောပြခဲ့တဲ့ Public Health နဲ့ Environmental Management (၂)ခုစလုံးမှာ သင်ယူရတဲ့ဘာသာရပ်တိုင်းဟာ ဒီနေ့နဲ့ အနာဂတ်ကမ္ဘာကြီးအတွက် အမှန်တကယ် မရှိမဖြစ်လိုအပ်နေတဲ့ Essential Requirement တွေကို ဆောင်ကြဉ်းပေးဖို့ ပညာရှင်တွေ ပြုစုထားတာ ဖြစ်ပါတယ်။ စိတ်ဝင်တစားသင်ယူမယ်ဆိုရင် ကျွမ်းကျင်သူပညာရှင်တွေအဖြစ် နိုင်ငံတကာက လေးလေးစားစား တာဝန်ပေးအပ်တာခံရမှာပါ။

အရေးပါတဲ့ ဘာသာရပ်နောက်တစ်ခုကို ကျွန်တော် ထပ်မံတင်ပြချင်ပါတယ်။ Civil Engineering ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့ပြအင်ဂျင်နီယာဘာသာရပ်လို့ မြန်မာလို ဘာသာပြန်ထားတဲ့ Civil Engineering ဘာသာရပ်ကို အခြေခံပြီး သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်တဲ့ အဆောက်အဦးတွေ ဆောက်လုပ်ဖို့ အထူးပြုစုပို့ချတဲ့ ဘာသာရပ်ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံဟာ ဧရိယာ ၇၀၇. ၁ စတုရန်းကီလိုမီတာသာ ကျယ်ဝန်းပါတယ်။ မိုင်နဲ့ပြောရရင် ၂၇၃ စတုရန်းမိုင်သာ ရှိပါတယ်။ ဒါကြောင့် ဧရိယာ(၆၂၂. ၄)စတုရန်းမိုင်ရှိတဲ့ ရန်ကုန်မြို့ရဲ့ ထက်ဝက်မက ငယ်တဲ့နိုင်ငံ ဖြစ်ပါတယ်။

စင်ကာပူဟာ အရှေ့တောင်အာရှရဲ့ အသေးငယ်ဆုံးနိုင်ငံ ဖြစ်ပါတယ်။ ဒါပေမယ့် အမြော်အမြင်ကြီးတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ စုဝေးနေထိုင်တဲ့နိုင်ငံအဖြစ် ထင်ရှားပါတယ်။ နိုင်ငံတကာကုန်သွယ်မှုရဲ့ အချက်အခြာကျတဲ့နိုင်ငံအဖြစ် ကြီးပွားချမ်းသာလာတဲ့ Developed Country တစ်ခု ဖြစ်ပါတယ်။

သမုဒ္ဒရာထဲက နိုင်ငံငယ်လေးဖြစ်လို့ Global Warming ကို စိုးရိမ်ထိတ်လန့်နေရတဲ့ နိုင်ငံတွေထဲက နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် သူ့နိုင်ငံရဲ့ ဧရိယာကိုတိုးချဲ့ဖို့ Sea Sand ပင်လယ်သဲတွေ ဝယ်ပြီး ဖို့ နေပါတယ်။

အဲဒီလို Reclamation မြေတိုးချဲ့ရာမှာလည်း ပင်လယ်ရေ လှိုင်းဒဏ်ခံနိုင်အောင်နှင့် မြေတိုးချဲ့တဲ့နည်းစနစ်အရ ရေစီးကြောင်းပုံစံ ပြောင်းပြီး အလိုအလျောက် သဲသောင်ဧရိယာကျယ်လာအောင် စနစ်တကျ

စိမ်ဆောင်ရှက်နေတာဖြစ်ပါတယ်။ မြို့ပြအင်ဂျင်နီယာ အမြောက်အများ ပါဝင်ဆောင်ရွက်နေတာ တွေ့ရပါတယ်။

စင်ကာပူမှာ အဆောက်အဦးတွေ ဆောက်ဖို့အတွက် မြစ်သဲ (River Sand) ကိုသာ သုံးတာတွေ့ရပါတယ်။ အဲဒီမြစ်သဲကိုလည်း အာရှနိုင်ငံအချို့ဆီက ဝယ်ယူပြီးသုံးတာပါ။ "စင်ကာပူကလူတွေ သဲဝယ်တာတောင် ဇီဇာကြောင်တယ်၊ ဂျီးများတယ် " လို့ မိတ်ဆွေလုပ်ငန်းရှင်တစ်ဦးက ပြောဖူးပါတယ်။ အဲဒီလို ဂျီး များကိုများရမှာပါ။

ဘိလပ်မြေ၊ သဲ၊ ထုံး တွေနဲ့ မဆလာ (Cement) ဖျော်၊ ပြီးရင် အုတ်တွေနဲ့ တိုက်တာတွေဆောက်၊ တိုက်ဆောက်ပြီးလို့မှ (၆)လ မကြာသေးဘူး၊ တိုက်နံရံတွေမှာ အက်ကြောင်းတွေ ဖြစ်လာရတဲ့ အကြောင်းအရင်းဟာ လွယ်လင့်တကူရတဲ့ ဆားဓာတ်များတဲ့ သဲကို သုံးကြလို့ပါပဲ။

<u>မြစ်သဲ (River Sand) တိုင်းတောင် Construction အတွက် မသုံးသင့်ပါဘူး။ အဲဒီ သုံးသင့်တဲ့ မြစ်သဲရဲ့ ဆားဓာတ် (Chloride) ပါဝင်မှုနှုန်းဟာ 0.01 အောက် နည်းနေမှ ဆောက်လုပ်ရေးလုပ်ငန်းမှာ သုံးလို့ကောင်းပါတယ်။</u>

သဲဆို ပြီးရောလို့ သုံးခဲ့လို့ တရုတ်နိုင်ငံ စီချွမ်ပြည်နယ်မှာ လှုပ်ခဲ့တဲ့ ငလျင်မှာ စာသင်ကျောင်းတွေပြိုပြီး ကျောင်းသား၊ကျောင်းသူ ကလေးငယ်အမြောက်အများ သေဆုံးခဲ့ကြရပါတယ်။ ဒါကြောင့် စနစ်တကျ တတ်ကျွမ်းတဲ့ Civil အင်ဂျင်နီယာတွေ အလွန်အမင်းလိုအပ်တယ်လို့ ဆိုခြင်းဖြစ်ပါတယ်။

မုန်တိုင်းဒဏ်ခံနိုင်တဲ့ အဆောက်အဦးပုံစံတွေ ကြိုးစားထုတ်ဖော်နေကြတာကို ဂျာနယ်တွေမှာဖော်ပြတာ ဝမ်းသာအားရဖတ်ရပါတယ်။ ဒါပေမယ့် လေဘေးသင့်ဒေသနဲ့နီးတဲ့ ပင်လယ်ကမ်းစပ်က Sea Sand တွေနဲ့ ကွန်ကရစ် Cement ဖျော်သုံးရင်တော့ သဘာဝဘေးဒဏ်ကို အဲဒီ အဆောက်အဦးတွေက ကြံ့ကြံ့ခံနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် Civil Engineering ဘာသာရပ်ဟာလည်း လူငယ်တွေသင်ယူသင့်တဲ့ ဘာသာရပ်ဖြစ်ပါတယ်။ သင်ယူရမယ့်ကာလက HND အဆင့်အတွက် (၂)နှစ်ဖြစ်ပါတယ်။

ပထမနှစ်မှာ သင်ယူရမယ့် ဘာသာရပ်တွေက

1. Mathematics & Computing
2. Construction Materials
3. Surveying and Measurement

4. Study Skills
5. Geotechnical Properties and Construction Methods
6. Design and Structural analysis

ဒုတိယနှစ်မှာ သင်ယူရမယ့် ဘာသာရပ်တွေက

1. Hydraulics
2. Construction Management and Integrated Design
3. Water and Environmental Engineering
4. Research Project
5. Professional Practice

တို့ဖြစ်ပါတယ်။

ကျွန်တော် အခုတင်ပြသွားတဲ့ ဘာသာရပ်တွေနဲ့ ပတ်သက်ပြီး ကိုယ့်ဝါသနာနဲ့ ကိုက်ညီမှု ရှိမရှိကိုတော့ မိမိဘာသာစိစစ်ဖို့ လိုပါတယ်။ ကျွန်တော်က Public Health ကို ဖောင်းပေးပြောသွားလို့ သူ့ကိုသင်ကို သင်ကြပါလို့ မဆိုလိုပါဘူး။

တေးဂီတဝါသနာပါရင် Music ဘာသာရပ်ကို သင်ယူရပါမယ်။ B.Mus ဘွဲ့ရမယ့် ဘာသာရပ်တွေကို သင်ယူရမှာပေါ့။

စီးပွားရေးနှင့် ကွန်ပျူတာနည်းပညာလို ဘာသာရပ်တွေကို စိုက်လိုက်မတ်တတ် လေ့လာနေတဲ့သူဟာ Business ဘာသာရပ်တို့၊ IT, Computer Game Technology, Computing & Electronics လို ဘာသာရပ်တွေကို ရွေးချယ်သင်ယူဖို့ လိုပါတယ်။

စီးပွားရေးလုပ်ငန်းဆိုတာ လူ့အဖွဲ့အစည်းမှာ အမြဲရှင်သန်နေတဲ့အတွက် စီးပွားရေးနည်းပညာသင်ယူခြင်းဟာလည်း ဘဝအာမခံချက်ကောင်းစေပါတယ်။

စိတ်ဝင်စားစရာကောင်းတဲ့ ဘာသာရပ်တွေကို ဒီဟောပြောပွဲရဲ့ နိဂုံးအပိုင်းမှာ အသေးစိတ်ပြုစု ကြေငြာဖော်ပြပေးပါမယ်။

ကိုယ်နဲ့သင့်တော်မယ့် ဘာသာရပ်ကို ရွေးချယ်ပြီးရင် ဘယ်နိုင်ငံ၊ ဘယ်တက္ကသိုလ်၊ ကောလိပ် ကို ရွေးချယ်သင့်သလဲဆိုတဲ့ မေးခွန်းကို ဖြေပြချင်ပါတယ်။

# ပညာသင်ယူမည့်နိုင်ငံရွေးချယ်ခြင်း

နိုင်ငံတကာပညာရေးနယ်ပယ်မှာ အပြိုင်အဆိုင်သင်ကြားပို့ချ ရင်း ရှေ့တန်းကိုရောက်နေတဲ့ နိုင်ငံတွေက အင်္ဂလန်၊ ဩစတြေးလျ၊ အမေရိကန် နှင့် ကနေဒါတို့ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် ဦးပိုင်းကနေ ဒီနေ့ ဟောပြောပွဲကျင်းပတဲ့ အချိန်အထိ ကျောင်းသားတွေနဲ့မိဘတွေ စိတ်ဝင်စားမှုများနေတဲ့ နိုင်ငံက စင်ကာပူဖြစ်ပါတယ်။ ကြော်ငြာအားကောင်းတယ်။ Seminar တွေ များများကျင်းပပြီး မြန်မာကျောင်းသားထုရဲ့ အာရုံကို ဖမ်းစားလာနိုင် တာကို တွေ့ရပါတယ်။

စင်ကာပူမှာ ကျောင်းတက်နေရင်း အလုပ်လုပ်ခွင့် ရသယောင်ယောင် စည်းရုံးတာကိုပါ တွေ့မြင်လာရပါတယ်။ အမှန်က ပညာသင်နေတုန်း အလုပ်ရဖို့နေနေသာသာ၊ ပညာသင်ယူပြီးရင်တောင် အလုပ်ရဖို့မသေချာ ပါဘူး။ အထူးသဖြင့် ပုဂ္ဂလိကကောလိပ်တွေမှာ ကျောင်းပြီးသွားသူတွေ စင်ကာပူမှာ အလုပ်ရဖို့ခက်တဲ့အကြောင်း စင်ကာပူနဲ့ ရင်းနှီးသူတွေ သိကြပါတယ်။

စင်ကာပူ ပုဂ္ဂလိကကောလိပ်တွေကလာပြီးကျင်းပတဲ့ Seminar တွေမှာ "ကမ္ဘာ့အကြီးဆုံး Casino ကြီး စင်ကာပူမှာ ဆောက်နေပြီ၊ အလုပ်တွေ သောင်းချီခေါ်တော့မယ်" ဆိုတာနဲ့ စတော့တာပါပဲ။

ပြီးခဲ့တဲ့ မတ်လ(၂၃)ရက်နေ့က ကျင်းပတဲ့ Seminar မှာ စင်ကာပူ ERC Institute က ကျွန်တော့်မိတ်ဆွေ Mr. Ken Kang က သူ့ကိုပါ ဟောပြောခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ ဒီ Traders Hotel မှာပဲ ကျင်းပခဲ့တာပါ။ ကျွန်တော်က သူ့ကို ဟောပြောပွဲမတိုင်ခင် အချက်(၂)ချက် သတိပေးပါတယ်။

(၁) သူ့ကောလိပ်ကို အမှန်တကယ်မကြီးဘဲနဲ့ ကျောင်းအကြီးကြီးလို့ မပြောပါနဲ့။

(၂) ပညာသင်ယူရင်း အလုပ်အကိုင် ချက်ချင်းရတော့မယောင်ယောင်၊ ကျောင်းပြီးရင် ရတော့မယောင်ယောင် လုံးဝမပြောပါနဲ့လို့ ကြိုပြီး မှာပါတယ်။

သူက စိတ်ချပါဆိုလို့ ကျွန်တော် သူ့ကို (၁)နာရီ ပြောခွင့် ပေးလိုက်ပါတယ်။ ဒါတောင် Casino ကြီးအကြောင်း ပြောဖြစ်အောင် ပြောလိုက်သေးတယ်။ ကျွန်တော်က သတိပေးတဲ့မျက်လုံးနဲ့ ကြည့်လိုက်

တော့မှ၊ Casino ကြီးမှာ အလုပ်ရမယ့်အကြောင်း ပြောမယ်ပြင်နေတုန်း ရပ်သွားတာ။

စင်ကာပူအစိုးရက ကျောင်းတက်ရင်း အလုပ်လုပ်ခွင့်မပေး ပါဘူး။ စင်ကာပူအစိုးရပိုင် Poly Tech က ကျောင်းသားတွေကို ခွင့်ပြု ပါတယ်ဆိုတာကလည်း အလုပ်ချိန် Working Hours နည်းနည်းလေးပါ။ အချိန်ပိုင်းအလုပ်လုပ်ချိန် တစ်ပတ် (၁၆)နာရီ ဖြစ်ပါတယ်။ စင်ကာပူ ပုဂ္ဂလိကကျောင်း တက်တဲ့သူတွေကို အချိန်ပိုင်းအလုပ်လုပ်ခွင့် မပေးပါဘူး။

ဒါကြောင့် စင်ကာပူမှာ ကျောင်းတက်ချင်ရင် ကနဦးကုန်ကျငွေ နည်းနည်းသက်သာပေမယ့် မိဘက လစဉ်၊ နှစ်စဉ် ငွေပို့နေရမှာ ဖြစ်ပါ တယ်။ ရေရှည်မှာ အင်္ဂလန်၊ အမေရိကန်တို့ကို သွားတက်တာထက် ငွေအကုန်အကျ ပိုများလာတာကို တွေ့ကြုံရမှာ ဖြစ်ပါတယ်။

ဒါကြောင့် စင်ကာပူမှာ ပညာသင်ရင် အဆင်ပြေမလားလို့ ကျွန်တော့်ကို လာမေးတဲ့သူတွေကို " အေး . . . စင်ကာပူမှာ နေဖို့၊ စားဖို့ တာဝန်ယူမယ့်သူရှိရင် သွားသင်၊ ဒီလိုမှမဟုတ်ရင် အင်္ဂလန်နဲ့ အမေရိကန် ကိုသာသွား" လို့ ကျွန်တော်အကြံပေးလိုက်ပါတယ်။

စင်ကာပူကို ဈေးဝယ်လို့ကောင်းတဲ့၊ စီးပွားရေးလုပ်လို့ ကောင်းတဲ့ နိုင်ငံအဖြစ် ကျွန်တော်အသိအမှတ်ပြုပါတယ်။ ပညာသင်ဖို့ အတွက်ကောင်းတဲ့ နိုင်ငံအဖြစ်နဲ့တော့ ကျွန်တော်မရွေးချယ်ဘူး။ ကျွန်တော့် အမြင်၊ ကျွန်တော့် အတွေ့အကြုံအရ ပြောတာပါ။

ကျွန်တော့်မှာ သားသမီးသုံးဦးရှိပါတယ်။ အငယ်ဆုံးချာတိတ် (၁၀)တန်းအောင်တာနဲ့ မလေးရှားမှာ ကျောင်းထားတယ်။ ပြီးတော့ စင်ကာပူ။ ပို့လိုက်ရတဲ့ငွေ။ နောက်ဆုံး အင်္ဂလန်ရောက်မှ သက်သာ တော့တယ်။ သူ့အင်္ဂလန်မှာကျောင်းစတက်တော့ ကျွန်တော် အင်္ဂလန်မှာ အလုပ်မလုပ်သေးဘူး။ အင်္ဂလန်မှာက ကျောင်းတက်ရင်းအချိန်ပိုင်းအလုပ် လုပ်ခွင့်ပြုတယ်။ အဲဒီ အချိန်ပိုင်းအလုပ်လုပ်လို့ရတဲ့ဝင်ငွေက သူ့အတွက် ကုန်ကျတဲ့ စားဝတ်နေရေး Living Cost ကို ကာမိနေပါတယ်။

ဒါကြောင့် မြန်မာပြည်မှာ ဘွဲ့ရပြီးဖြစ်တဲ့ သားအကြီးဆုံးနဲ့ သမီးလတ်ကိုပါ အင်္ဂလန်ပို့ပြီး ပညာသင်ယူစေပါတယ်။ ကိုယ်တွေ့မှန်း သိအောင် ပြောပြတာပါ။ မိဘချင်း စာနာပါတယ်။ ကျွန်တော့်လိုပဲ ကျပ်တဲ့မိဘတွေကို သားသမီးတွေအတွက် စိတ်ချမ်းသာစေချင်ပါတယ်။ ဒါဟာ ပညာသင်ယူမှုအတွက် "တွက်ချေကိုက်အောင်" စဉ်းစားတဲ့နည်းပါ။

အင်္ဂလန်မှာ တစ်နာရီအလုပ်လုပ်ရင် (၅. ၅)ပေါင်ကနေ (၅. ၇)ပေါင်အထိရပါတယ်။**ဒါအခြေခံအနိမ့်ဆုံး အလုပ်သမားရတဲ့ငွေ။ (၅. ၅)ပေါင်နဲ့ပဲ တွက်ကြည့်ရအောင်၊ တစ်နေ့(၈)နာရီ အလုပ်လုပ်လိုက်ရင် (၄၄) ပေါင်ရပါတယ်။ အဲဒီငွေက ဒီနေ့ ငွေလွှဲနှုန်းအရ USD 88 လောက်နဲ့ ညီမျှပါတယ်။ ဗြိတိသျှပေါင် (၁)ပေါင်ဟာ စင်ကာပူဒေါ်လာ (၂. ၅၆၆၄၈)နဲ့ ညီမျှတဲ့အတွက် အင်္ဂလန်မှာ (၈)နာရီအလုပ်လုပ်လို့ရတဲ့ဝင်ငွေနဲ့ စင်ကာပူမှာ (၃၁)နာရီ လုပ်လို့ရတဲ့ဝင်ငွေ ညီမျှနေတာကို တွေ့ရပါမယ်။ (စင်ကာပူအချိန်ပိုင်း အလုပ်လုပ်အားခက ၁-နာရီ SD 4 ဖြစ်ပါတယ်။)

ဒါကြောင့် ပညာသင်ယူဖို့ ရွေးချယ်တဲ့နိုင်ငံဟာ ပညာရှာရင်း အချိန်ပိုင်းအလုပ်လုပ်ပိုင်ခွင့် တရားဝင်ခွင့်ပြုတဲ့ နိုင်ငံဖြစ်ရမယ်။ ဘွဲ့ရပြီးတာနဲ့ ဘဝအတွက် အာမခံချက်ရှိတဲ့ အလုပ်လုပ်ခွင့်ရစေမယ့် နိုင်ငံတကာ လေးစားအသိအမှတ်ပြု တက္ကသိုလ်၊ ကောလိပ် ရှိတဲ့ နိုင်ငံမျိုးဖြစ်ရပါမယ်။

**(၂၀၀၈ နိုဝင်ဘာ (၁)ရက်နေ့မှစ၍ အနိမ့်ဆုံးလစာငွေ (၅. ၇၃)သို့ တိုးမြှင့်လိုက်တယ်။)

တချို့က "စင်ကာပူက မြန်မာပြည်နဲ့နီးလို့ပါ" လို့ ပြောကြ ပြန်ပါတယ်။ ဘီလပ်ပြန်မောင်သောင်းဖေတို့ ခေတ်ကလို နိုင်ငံခြားကို သင်္ဘောကြီးနဲ့ သွားရတဲ့ခေတ် မဟုတ်တော့ပါဘူး။ "နှမလေး . . . ရေချမ်းချမ်းတစ်ခွက်ပေးရန် မေတ္တာရပ်ခံပါသည်"လို့ မိခင်မြန်မာစကား တောင် မေ့သွားလောက်အောင် မြန်မာပြည်နဲ့ အဆက်ပြတ်သွားရတဲ့ ခေတ်မျိုး မဟုတ်တော့ပါဘူး။

G-talk ပြောမလား၊ Hand Phone နဲ့ ဆက်မလား၊ E-mail ပို့မလား နေ့စဉ်အဆက်မပြတ်တဲ့ခေတ်။ ရန်ကုန်ကနေ မန်ချက်စတာ ဒါမှမဟုတ် လန်ဒန်ကို (၁၈)နာရီနဲ့ ရောက်တဲ့ခေတ်။ စင်ကာပူမှာ ပညာ သင်သွားတဲ့အတွက် နေ့တိုင်း မြန်မာပြည်ကအိမ်ကို ပြန်မှာမို့လား။

ကျွန်တော်က "စင်ကာပူမှာ ပညာသင်မှာ" ကို ဆန့်ကျင်တာ မဟုတ်ဘူး။ ငွေပိုကုန်မှာကို သက်သာတယ်လို့ အထင်မှားနေကြတာကို အမှန်သိအောင် ရှင်းပြနေတာ။

ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို ဆက်သွယ်ရတာ လွယ်သွားတာ ကို အမှတ်တမဲ့ဖြစ်နေတာကို မြင်သာအောင် လို-တို-ရှင်း ပြောနေတာပါ။ စောစောက ကျွန်တော်ပြောပြသလို စင်ကာပူမှာ လူခံရှိလို့ စားဖို့၊

နေဖို့မပူရရင် စင်ကာပူမှာပဲ အလုပ်ရလွယ်တဲ့ Poly Tech နဲ့ NUS လို အဆင့်မြင့်တဲ့ နေရာမှာတက်မယ်ဆိုရင် တက်သင့်ပါတယ်။ ပုဂ္ဂလိကကျောင်းကို တက်ဖို့တော့ ငွေကုန်ရတာချင်းအတူတူ မစဉ်းစားစေချင်ဘူး။

ကျွန်တော့်အနေနဲ့ အင်္ဂလန်၊ ဩစတြေးလျ၊ အမေရိကန်နဲ့ ကနေဒါ နိုင်ငံတွေမှာသင်ဖို့ အကြံပြုတာက ငွေကုန်တာချင်းအတူတူ အကောင်းဆုံးအာမခံချက်အရှိဆုံး ဘွဲ့လက်မှတ်နဲ့ အနာဂတ်ဘဝကို အောင်အောင်မြင်မြင် ဖြတ်သန်းစေဖို့ ဖြစ်ပါတယ်။

## ရှောင်ရန်၊ ဆောင်ရန် အချက်များ

ကျွန်တော် ဒီနေ့ပြောပြမယ့် အကြောင်းအရာတွေထဲမှာ "နိုင်ငံရပ်ခြားတွင် မိမိကိုယ်ကိုမိမိ ပျိုးထောင်ခြင်းနှင့် ရှောင်ရန်၊ ဆောင်ရန်များ" ဆိုတဲ့ အချက်ပါပါတယ်။

နိုင်ငံခြားကိုသွားပြီး ပညာသင်ဖို့တာစူနေတဲ့ လူငယ်တွေကို အထူးတိုက်တွန်းချင်တာက "စိတ်အင်အားကောင်းဖို့လိုတယ်" ဆိုတဲ့ အချက်ပါ။

ခန္ဓာကိုယ် အင်အားနည်းလို့ ဒယီးဒယိုင်ဖြစ်ပြီးလဲရင် ထူလို့ရတယ်။ စိတ်အင်အားနည်းလို့ စိတ်ကျရင် ပြန်မတ်ဖို့ခက်ပါတယ်။ အားပေးမယ့် မိဘတွေ၊ ဆွေမျိုးတွေ၊ ဆရာတွေ အနားမှာမရှိတဲ့ နေရာ၊ နိုင်ငံခြားမှာဆိုတော့ ပိုဆိုးတယ်။

စိတ်ကျပြီး အဆောင်အခန်းထဲမှာတင်ခွေနေတဲ့ ကျောင်းသားတစ်ဦးနဲ့ကြုံခဲ့ဖူးတယ်။ သူ့ပြဿနာက စာသင်ခန်းထဲမှာ အင်္ဂလိပ်လို သင်တာကို နားမလည်တာက စပါတယ်။ ဒီတော့ စာသင်ခန်းကို မသွား။ အလုပ်ထဲမှာ Incharge ကြီးကြပ်ရေးမှူး လမ်းညွှန်တာ ဘာမှမသိ။

သိအောင်လည်းမကြိုးစားဘဲ အလုပ်ကိုမသွား၊ အခန်းအောင်းပြီး ရှိတာပဲစား၊ ရေပဲသောက်။ စိတ်ရောကျ၊ လူပါချုံးချုံးကျ။

ကျွန်တော့်ကို သူတက်နေတဲ့ ကောလိပ်က အကြောင်းကြား ကြားချင်း ကျွန်တော်သွားတွေ့ပြီး သူ့ကို ဆေးရုံတက်ဖို့ စီစဉ်ပေးရပါတယ်။ အဲဒီ ဆေးရုံမှာပဲ သူ့ကို အားပေးစကား ပြောရတယ်။

'မင်းထက်ညံ့ပါတယ်ဆိုတဲ့ သူတွေတောင် တဖြည်းဖြည်း ဘာကြောင့် တော်လာရသလဲ"

"ကဲ . . . မင်း စဉ်းစားပြီး မင်းထင်တာ ငါ့ကို ပြောပြပါ။"

သူက ချိနဲ့နဲ့ပြုံးပြီး၊

"မြန်မာပြည်မှာတုန်းက သူတို့ ကျွန်တော့်ထက်ညံ့တာ၊ ဒီရောက်မှ တော်ကုန်တာ"

"ဟေ . . . သူတို့ကိုသင်တဲ့ ဆရာတွေနဲ့ မင်းကိုသင်တဲ့ဆရာ တွေ မတူကြလို့လား "

"တူပါတယ်"

"အေး ...အဲဒါ မင်းကိုယ်မင်းမယုံကြည်တဲ့စိတ်က မင်းကို နှိပ်စက် နေတာ၊ ကိုယ့်ကိုယ်ကို ယုံကြည်စမ်းပါကွာ၊ မင်းလူတော်တစ်ယောက်ပါ"

ကျွန်တော်က သူ့မှတ်စုစာအုပ်ထဲမှာ စာကြောင်းနှစ်ကြောင်း ရေးပေးခဲ့ပါတယ်။

" Hope is the best possession"

(မျှော်လင့်ချက်ဟာ အကောင်းဆုံးကိုယ်ပိုင်ပစ္စည်းပဲ။)

"Nothing venture, nothing have"

(စွန့်စားမှုရှိမှ၊ အောင်မြင်ပိုင်ဆိုင်မှုရမယ်။)

ကျွန်တော် သူ့ကို အားပေးရကျိုးနပ်ခဲ့ပါတယ်။ အခု သူ "University of Central Lancashire" မှာ Master တန်း တက်နေပါပြီ။

ဒါကြောင့် စိတ်အင်အားကောင်းဖို့ လိုပါတယ်။ တချို့ကြပြန်တော့လည်း အတတ်ကြွလွန်ပြီး Night Club တွေတက်၊ အဲဒီ Club တွေ တက်နိုင်အောင် အလုပ်တွေ နေ့မအားညမအားလုပ်၊ ကျောင်းစာတွေ မလုပ်နိုင်တာနဲ့ ကျောင်းကထွက်၊ တဝေတဝက်နဲ့ ကျောင်းနဲ့ ဝေးသွားကြပြန်ရော။

(၂)နှစ်၊(၃)နှစ် ကြိုးစားရုံနဲ့ ဘဝတစ်သက်တာကြီးပွားချမ်းသာသွားမှာကို မမေ့ပါနဲ့။ တချို့က အဲဒီလိုကို မစဉ်းစားဘူး။

"ကျွန်တော်လေ အင်္ဂလန်ကိုရောက်တာနဲ့ နိုင်ငံခြား ရုပ်ရှင်ကားထဲကို ရောက်သွားရသလိုပဲဆရာရယ်" ဆိုပြီး အင်္ဂလန် ရောက်လာတာကို နတ်ပြည်နတ်နန်း ရောက်သွားသလို ပီတိတွေပဲဖြစ်ပြီး စာမကြိုးစားဘဲ အကဲကြီးကဲနေကြတဲ့ သူတွေကိုလည်း တွေ့ဖူးပါတယ်။ Snow တွေကျ၊ ရေတွေခဲတာ ထိုင်ကြည့်ပြီး ပီတိတွေဖြစ်၊ ဓါတ်ပုံတွေ တဖျတ်ဖျတ်ရိုက်၊ ပြီးတော့ အအေးမိ၊ ဖျား။ အဲဒီဒုက္ခလည်း မသေးဘူး။

ဒါကြောင့် နိုင်ငံခြားကို ပညာသင်ဖို့ရောက်ပြီဆိုတာနဲ့ ကိုယ့်ကိုယ်ကို ပျိုးထောင်ဖို့လိုပါတယ်။ ပျော်တာကောင်းပါတယ်။ ပျော်ပါးလွန်တာ အန္တရာယ်ရှိတယ်။

သစ်ပင်တစ်ပင်ကြီးထွားသန်မာဖို့ ပျိုးထောင်ပေးတာထက် မိမိကိုယ်ကိုပျိုးထောင်ဖို့က ပိုလို့အရေးကြီးပါတယ်။ သစ်ပင်ငယ်တစ်ပင် အညွန့်အခက်တွေ တစ်နေ့တစ်ခြားဝေလာတာကိုကြည့်ပြီး ကြည်နူး ရသလို တစ်နေ့တစ်နေ့ သင်ယူမှုတွေကြောင့် တစ်နေ့တစ်ခြား ပိုမို တတ်ကျွမ်းလာတာကို ပီတိဖြစ်တတ်ဖို့ လိုပါတယ်။ ပညာစျာန်ဝင်လာတဲ့ လူငယ်တစ်ယောက်အတွက် ပညာတတ်ကျွမ်းမှုအဟုန်ဟာ တစ်နေ့ တစ်ခြား အရှိန်ရလာစမြဲပါပဲ။

' နိုင်ငံရပ်ခြားမှာ အထူးရှောင်သင့်တဲ့ကိစ္စတစ်ခုက သူတို့ရဲ့ ဖိုမဆက်ဆံရေးယဉ်ကျေးမှု ဖြစ်ပါတယ်။ သူတို့ဆီမှာ ချစ်လွယ်၊ တွဲလွယ် တယ်။ ယောကျ်ားမယူဘဲ ကလေးမွေးတာကို ဘာမှမဖြစ်သလိုဘဲ၊ အဲဒီလိုမွေးနိုင်တာကိုပဲ ဂုဏ်ယူနေကြတာ။ ကလေးတွေ အသက် ၂၀၊ ၃၀ ကျော်မှ အဖေနဲ့အမေ လက်ထပ်ကြတာ အလွန်များပါတယ်။ လက်မထပ်ခင်စပ်ကြား တွဲချင်သူနဲ့တွဲ၊ ကွဲချင်ရင်လည်းကွဲ ဘာပြဿနာ မှမရှိ၊ အဲဒါကို အားအကျကြီးကျနေတဲ့ မြန်မာလူငယ်တချို့ တွေ့ဖူး ပါတယ်။

ကျွန်တော်တို့ အာရှနိုင်ငံတွေက အဲဒီလို ထင်တိုင်းကြတဲ့ ဖိုမ ဆက်ဆံရေးကို မနှစ်သက်ပါဘူး။ အထင်အမြင်သေးစရာ၊ ရှက်ရွံ့စရာလို့ သတ်မှတ်ပါတယ်။ ကိုယ့်ကိုယ်ကို ထိန်းသိမ်းရတဲ့ ကိုယ်ကျင့်သိက္ခာမှာ ဖိုမဆက်ဆံရေးကိစ္စဟာ အရေးကြီးဆုံးပါပဲ။ ဒါကြောင့် မြန်မာပြည်က မိဘမောင်ဘွားတွေရဲ့ ဂုဏ်သိက္ခာကို ငဲ့ကြဖို့လိုပါတယ်။

# Agency များအတွက်

ဘာသာရပ်နဲ့နိုင်ငံပြီးရင် Agency အကြောင်းပြောရအောင်။ ပညာရေးဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်တဲ့ အေဂျင်စီများအနေနဲ့ လုပ်ငန်းရဲ့ အမှန်တကယ်တန်ဖိုးကို နားလည်စေချင်ပါတယ်။ ဝန်ဆောင်မှု အတွက် ငွေကောင်းကောင်းရတယ်။ ကော်မရှင် ကောင်းကောင်း ရတယ်ဆိုပြီး မကျေနပ်သင့်ဘူး။ ဒီလုပ်ငန်းမျိုးက ကုန်ပစ္စည်း ထုတ်တာထက် ပိုအရေးကြီးတယ်။ ဒီလုပ်ငန်းက ဘဝနဲ့ဆိုင်တယ်။ ကိုယ့်နိုင်ငံက ကျောင်းသား မိဝေးဖဝေး၊ ရေခြားမြေခြားကိုသွားရမှာ၊ ဟိုရောက်မှမရေမရာဖြစ်ခဲ့ရင် ဘဝပျက်တဲ့အထိ ဖြစ်သွားနိုင်တယ်။

နိုင်ငံခြား တက္ကသိုလ်၊ကောလိပ်ဆိုတိုင်း အထင်ကြီးလို့မရဘူး။ ကျောင်းသား လက်မခံခင်၊ မပို့ခင် အေးဂျင့်ကိုယ်တိုင် သွားလေ့လာသင့် တယ်။ ကိုယ်တိုင်ကိုယ်ကျ အဲဒီနိုင်ငံ၊ အဲဒီ တက္ကသိုလ်၊ ကောလိပ် ဆိုတာကို ရောက်ပြီး အကဲဖြတ်ပါ၊ ဆုံးဖြတ်ပါ။ တက္ကသိုလ်နာမည်ခံပြီး ဆရာမရှိ၊ အတန်းမရှိနဲ့ လုပ်စားနေတာတွေ နိုင်ငံခြားမှာ အများကြီးရှိ ပါတယ်။ ကိုယ့်နိုင်ငံက ကျောင်းသား အဲဒီလို ကျောင်းမျိုး ရောက်သွား ခဲ့ရင် . . . ။ ကဲ . . . စဉ်းစားကြည့်ပါ၊ ကိုယ်ချင်းစာကြည့်ပါ။

နောက် ကျွန်တော် အေဂျင်စီတွေကို အကြံပြုချင်တယ်။ အေဂျင်စီတွေဟာ နိုင်ငံရပ်ခြား တက္ကသိုလ်၊ ကောလိပ်တွေရဲ့ မိတ်ဖက်သာဖြစ်သင့်တယ်။ လက်အောက်ခံ လုံးဝမဖြစ်သင့်ဘူး။ သူတို့ဆီက Commission ရလို့ သူတို့ကို လုပ်ငန်းရှင်လို သဘောထားဆက်ဆံစရာမလိုဘူး။ သူတို့အတွက် ကျောင်းသားရဖို့ Recruiting စုဆောင်းပေးရတဲ့အတွက် အဲဒီ နိုင်ငံခြားတက္ကသိုလ်၊ကောလိပ်တွေက ကိုယ့်ကို အားကိုးနေရမယ်။

နောက်တစ်ခုက သူတို့နဲ့ အပြန်အလှန် ဆွေးနွေးညှိနှိုင်းနိုင်တဲ့ ပညာရှင်တွေကို အေဂျင်စီမှာ တာဝန်ပေးထားရမယ်။ ဒါမှ အဲဒီနိုင်ငံခြား တက္ကသိုလ်၊ ကောလိပ်တွေက ကိုယ့်လုပ်ငန်းကို လေးစားမှာ။ သူတို့က ကိုယ့်လုပ်ငန်းကို လေးစားမှ ကိုယ့်လွှတ်လိုက်တဲ့ ကျောင်းသား မျက်နှာပွင့်မှာ၊ အခွင့်အရေး Favour ပေးခံရမှာ။ အေဂျင်စီတစ်ခု အောင်မြင်တာကို ကျောင်းသားများများပို့နိုင်တာ တစ်ခုထဲနဲ့ သတ်မှတ်လို့မရဘူး။ အဲဒီအေဂျင်စီက နိုင်ငံခြားတက္ကသိုလ်၊ကောလိပ်အပေါ် မှာ ဘယ်လောက်ဩဇာရှိတယ် ဆိုတာနဲ့ တိုင်းရမှာ၊ အဓိက အကဲခတ်ရမှာ။

မြန်မာနိုင်ငံကသွားမယ့် ကျောင်းသား၊ ကျောင်းသူတွေအတွက် ကျောင်းကို ဘာတွေတောင်းဆိုပေးနိုင်သလဲ . . .

ဥပမာတချို့ ကျွန်တော်ပြောပါမယ် -

(၁) လေဆိပ်ကို လာကြိုပေးခ Airport pick up fees မယူဖို့၊

(၂) အဆောင်အတွက် ငွေများများ ကြိုကောက်ခံတာ မပြုဖို့၊

(၃) ကျောင်းလခ Tuition Fees ကို အရစ်ကျသွင်းခွင့်ပြုဖို့

ဆိုတာမျိုးတွေပါ၊

အဲ . . . မိမိ Agency မှာ ပညာရှင်တွေကို တာဝန်ပေးထားမယ်၊ တကယ့်ကို သမာသမတ်ကျကျ ဆောင်ရွက်နေတယ်ဆိုတာကို နိုင်ငံရပ်ခြားတက္ကသိုလ်၊ ကောလိပ်တွေက သိမယ်ဆိုရင် သူတို့က သူတို့ တက္ကသိုလ်၊ ကောလိပ် ကိုယ်စား ကျောင်းသားရဲ့ ကျောင်းဝင်ခွင့် အရည်အချင်းကိုပါ စိစစ်ခွင့်ပြုတဲ့အထိ Power အပ်လေ့ရှိပါတယ်၊

ဥပမာ - ဩစတြေးလျနိုင်ငံမှာ အကောင်းဆုံးတက္ကသိုလ်အဖြစ် ရွေးတံဆိပ်ဆွတ်ခူးခဲ့တဲ့ University of Southern Queensland က နဝရတ်ကို အဲဒီ Power ပေးတယ်၊ အစိုးရပိုင်တက္ကသိုလ်ကပေးတဲ့ Power နော်၊ ဂုဏ်ယူစရာကောင်းပါတယ်၊ အဲဒီနောက် UK နဲ့

USA တက္ကသိုလ် တော်တော်များများက ဒီ Power ပေးအပ်လာတယ်။ ဒါအေဂျင်စီတစ်ခုရဲ့ ကြီးမြတ်တဲ့ ဂုဏ်သိက္ခာပါ။

နိုင်ငံရပ်ခြားမှာ ပညာသင်ဖို့သွားမယ့် ကျောင်းသားရဲ့ အရည်အချင်းကို နိုင်ငံခြားတက္ကသိုလ်၊ ကောလိပ်ကိုယ်စား စိစစ်ပေးခွင့်ရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေအတွက် အင်မတန် အကျိုးရှိစေပါတယ်။ တကယ်လို့ အရည်အချင်းပြည့်မှီဖို့ လိုအပ်နေရင်လည်း မြန်မာပြည်မှာတင် သင်တန်းတွေတက်ပြီး ဖြည့်ဆည်းလို့ရတဲ့အတွက် အချိန်ကုန်၊ ငွေကုန် သက်သာပါတယ်။

ကျောင်းသားတွေနဲ့ ကျောင်းသားမိဘတွေ သတိထားဖို့သင့်တဲ့ ကိစ္စလေးတစ်ခုကိုပါ ကျွန်တော်ပြောပြချင်ပါတယ်။ ဒါက နိုင်ငံရပ်ခြား ရောက်သွားတဲ့ ကျောင်းသား၊ ကျောင်းသူတွေက တစ်ကိုယ်တော် အေဂျင်စီလုပ်တဲ့ကိစ္စ။ ကျွန်တော့် အင်္ဂလန်ကိုယ်တွေ့ပဲ ပြောပါရစေ။

အဲဒီကျောင်းသူက နဝရတ်မှာ Foundation တက်ပြီး အင်္ဂလန် Wigan & Leigh College မှာ တက်နေတာ။ သူက ကောလိပ်ရဲ့ IO (International Office) နဲ့ ရင်းနှီးအောင် လက်ဆောင်ခဏခဏ သွားပေးတယ်။ ရင်းနှီးလာတော့ သူ့မောင်လေးကို ကျောင်းတက်ဖို့ ခေါ်ချင်လို့ပါဆိုပြီး Acceptance Letter တောင်းတယ်။

ကောလိပ်က မြန်မာပြည်က နဝရတ်ကို E-mail နဲ့ လှမ်းမေးတယ်။ ကန့်ကွက်ရန် ရှိသလားပေါ့။ နဝရတ်က အဲဒီကောလိပ်ရဲ့ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် Sole Agent ဖြစ်နေတာကိုး။ နဝရတ်ကလည်း သဘောထားကြီးစွာနဲ့ မကန့်ကွက်ပါဘူးပေါ့။

အဲဒီလိုနဲ့ အဲဒီကျောင်းသားတ မောင်(၉)ယောက်၊ ညီမ (၁၁) ယောက် အင်္ဂလန်ကို ရောက်အောင်ခေါ်တယ်။ တကယ်က ညီ၊ညီမ လုံးဝမတော်ပါဘူး။ အင်္ဂလန်ရောက်တော့ တစ်ယောက်မှ ကျောင်းမတက်ဘူး။ အလုပ်ပဲလုပ်ကြတယ်။

အဲဒီတော့မှ ကောလိပ်က တာဝန်ရှိသူတွေ မျက်လုံးပြူးပြီး၊ အဲဒီကျောင်းသူကို Warning ခေါ်ပေးတယ်။ ဒါပေမယ့် သူကရပ်မသွားဘူး။ Manchester က တရုတ်သူဌေးတွေ ထူထောင်ထားတဲ့ ပုဂ္ဂလိက ကောလိပ်တစ်ခုကို ညှိတယ်။ ကောလိပ်ကလည်း ကျောင်းသားရ ပြီးရော ဆိုပြီး သဘောတူတယ်။ မြန်မာပြည်မှာရှိတဲ့ သူ့မိဘတွေက ကျောင်းသားစုတယ်။ ပေါ်ပေါ်တင်တင်တော့မဟုတ်ဘူး။

ကျွန်တော်တို့ ဆီမှာက ရက်ကွက်ထဲကတစ်ယောက်ယောက် အင်္ဂလန်တို့၊ အမေရိကန် တို့ ရောက်ပြီဆိုရင် တစ်ရက်ကွက်လုံး သိကြတာ။ ကြွားကြတာ. . . ။

အားကျမခံသွားချင်တဲ့ ကလေးက မိဘကိုပူဆာ၊ မိဘက ခုနကလို နိုင်ငံခြားရောက်သွားတဲ့ ကလေးရဲ့မိဘဆီလာပြီး စုံစမ်းတာ။ အဲဒီမှာတင် အလုပ်ဖြစ်တော့တာ။ တဖြည်းဖြည်း အတင့်ရဲလာတော့ "ကျောင်းတက်စရာမလိုဘူး၊ အလုပ်ပဲလုပ်၊ သိပ်အဆင်ပြေတာ။ ကျွန်မတို့အိမ်ကို ကြည့်လေ၊ တိုက်ဖြစ်သွားပြီ။" ဘာညာပေါ့ဗျာ။ အလိုလိုမှ အထင်ကကြီးပြီးသား။ ဒါနဲ့ ရှိတဲ့ကားလေးရောင်း၊ အေဂျင်စီ Fees ပေး၊ ကျောင်းလခပေး၊ Visa လျှောက်ပြီး Visa မရတော့ ငွေပြန်တောင်း၊ တောင်းမရတော့ရန်ဖြစ်။

အဲ . . . ကျွန်တော် စောစောကပြောတဲ့ ကလေးမက တော်တော်လေးသွက်တယ်။ သူတို့မြို့က အင်္ဂလိပ်စာသင်တဲ့ဆရာမကို ကျောင်းသားတွေ Visa ဝင်နိုင်အောင်သင်ပေးဖို့ မိဘတွေကို Instruction ပေးတယ်။

သူတို့ ကျောင်းသားပို့တဲ့အလုပ် အဆင်ပြေလာတယ်။ သူ့ကြောင့် စောစောကပြောတဲ့ Manchester က ပုဂ္ဂလိကကောလိပ်မှာ မြန်မာကျောင်းသားတွေ စည်ကားလာတယ်။ ကျောင်းအပ်ချိန်နဲ့၊ ဗီဇာတိုးချိန် နှစ်ရက်လောက်ပေါ့။ ကျန်တဲ့အချိန်မှာ လုံးဝကျောင်းမတက်ဘဲ အလုပ်ပဲလုပ်ကြတယ်။

ကံဆိုးချင်တော့ Immigration Police က ကျောင်းကို ပုံမှန် မဟုတ်ပဲ ရှောင်တခင် ရုတ်တရက်ဝင်စစ်တော့ အဲဒီကိစ္စပေါ်ရော။ ပထမအကြိမ် သတိပေးတဲ့အနေနဲ့ ကျောင်းခေါ်ချိန်ပြည့်အောင် ကောလိပ်က အဲဒီအလုပ်ပဲလုပ်နေတဲ့ ကျောင်းသားတွေကို ကျောင်း တက်ခိုင်းတယ်။ မပြည့်ရင် ရဲကို အကြောင်းကြားပြီး ပြန်ပို့မယ်ပေါ့။

အဲဒီမှာတင် တစ်ကိုယ်တော် အေဂျင်စီလုပ်နေတဲ့ ကျောင်းသူ ကို ဝိုင်းအပြစ်တင်ကြ။ သူတို့ အင်္ဂလန်မရောက်ခင်က အလုပ်ပဲ လုပ်လို့ ရတယ်၊ ကျောင်းတက်စရာမလိုဘူးလို့ ပြောဆိုထားတာတွေကို မကျေမနပ် ရင်ဖွင့်ကြတယ်။

ဒါတကယ် အန္တရာယ်များတယ်။ သူလုပ်လို့ သူခံရတာအရေး မကြီးဘူး။ သူ့ကြောင့် အမှန်တကယ်ပညာရှာချင်သူတွေ ဘဝတစ်ခုလုံး နာသွားတာ ပိုဆိုးတယ်။

အဲဒီလို ကျောင်းသားရပြီးရောဆိုတဲ့ တက္ကသိုလ်၊ ကောလိပ်မျိုး ကရော ဘယ်လောက်အဆင့်မြင့်သွားအောင် သင်ကြားပေးနိုင်မှာမို့ လို့လဲ ...။ ဒါကြောင့် နိုင်ငံရပ်ခြားကို ပညာသင်ဖို့သွားမယ့် ကျောင်းသား၊ ကျောင်းသူတွေဟာ ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ခြေလှမ်းကို လှမ်းရမှာဖြစ်တဲ့ အတွက် သေချာစဉ်းစားသုံးသပ်ဖို့ အလွန်လိုအပ်ပါတယ်။

နိုင်ငံခြားသွားပြီး ငွေပဲရအောင်ရှာတယ်။ ငွေပဲ အိပ်မက်မက်နေတယ်။ ပညာကိုတန်ဖိုးထားဖို့ လုံးဝမေ့လျော့နေတယ်ဆိုရင် အနိမ့်ဆုံးအဆင့် အလုပ်သမားဘဝနဲ့ပဲ အရိုးထုတ်ရတော့မှာ။

စောစောက ကျွန်တော်ပြောတဲ့ကလေးမဆိုရင် စာကိုမယ်မယ်ရရမသင်နိုင်တော့ဘူး။ သူခေါ်လို့ အင်္ဂလန်ရောက်လာတဲ့ ဖောက်သည်တွေနဲ့ ပြဿနာရှင်းနေရတာနဲ့ အချိန်ကုန်နေပြီ။ မြန်မာပြည်ကသူ့မိဘတွေကလည်း ငွေရတာကိုသာ ကျေနပ်နေတာ။ နိုင်ငံခြားမှာသမီးဖြစ်တဲ့သူ ပြဿနာ ပင်လယ်ဝေနေတာ မစဉ်းစားဖြစ်ကြဘူး။ ငွေအတွက်လား၊ ပညာအတွက်လား။ ငွေလည်းလိုပါတယ်၊ ပညာလည်းလိုပါတယ်။ ဘယ်ဟာကို အရင်ဦးစားပေးမှာလဲ။ ပညာခေတ်ကိုရောက်နေတာကို မမေ့ကြပါနဲ့။ အမှန်တကယ် ပညာတတ်ကျွမ်းရင်ငွေဆိုတာ ကိုယ်မျှော်လင့်ထားတာထက် အမြောက်အများ ပိုရပါတယ်။

# ဗီဇာ၊ ပြည်ဝင်ခွင့်

နိုင်ငံရပ်ခြားသွားမယ့်သူတိုင်း ဗီဇာရဖို့ အရေးကြီးပါတယ်။ Student Visa ဆိုတာက သင်ယူရမယ့်ကာလအလိုက် အချိန်ကြာကြာ ဗီဇာခွင့်ပြုလေ ကောင်းလေပါပဲ။

သံရုံးအသီးသီးက ဗီဇာအရာရှိတွေက ကျောင်းသားတစ်ယောက်ကို ဗီဇာပေးဖို့ အချက်(၂)ချက်ကို အဓိကထား စိစစ်လေ့ရှိပါတယ်။

ပထမအချက်က -

(၁) "အမှန်တကယ် ပညာသင်မှာလား"

ဒုတိယအချက်က -

(၂) "နိုင်ငံရပ်ခြားမှာ ပညာသင်ဖို့ မိဘဆွေမျိုး Sponsor က ငွေကြေး ထောက်ပံ့နိုင်သလား" ဆိုတာပါပဲ။

ပထမအချက်ဖြစ်တဲ့ နိုင်ငံရပ်ခြားသွားပြီး ပညာအမှန်တကယ် သင်မယ်၊ မသင်ဘူး ဆိုတာကို စိစစ်ရတဲ့ အကြောင်းအရင်းက တချို့က Student Visa ယူပြီး နိုင်ငံခြားရောက်တာနဲ့ အလုပ်ပဲလုပ်ပြီး ကျောင်းလုံးဝမတက်တာတွေ ရှိလို့ပါ။

အထူးသဖြင့် အင်္ဂလန်၊ အမေရိကန်၊ ကနေဒါစတဲ့ နိုင်ငံတွေမှာ လုပ်အားခများများရတာကတစ်ကြောင်း၊ တစ်ပတ်ကို နာရီ(၄၀)ကနေ (၅၀)အထိလုပ်လည်း အရေးယူတာမရှိသလောက် ဖြစ်နေတာကို သိတဲ့ လူတွေက ကျောင်းသားဗီဇာ Student Visa - Student Pass နဲ့ ထွက်ကြတာ။ ဒါကြောင့် Visa Officer တွေက အမှန်တကယ် ပညာသင်မယ့်သူ ဟုတ်၊ မဟုတ် ဆိုတာကို စိစစ်တာပါ။

ကောင်းပြီ . . . သူဘာတွေကို စိစစ်သလဲ။ ဒါ အရေးကြီးဆုံးပဲ။ ပထမဆုံး စတင်စစ်ဆေးတာက ဗီဇာလျှောက်တဲ့ ကျောင်းသားရဲ့ ပညာ အရည်အချင်း၊ (၁၀)တန်း-တက္ကသိုလ်ဝင်တန်း၊ ဒါမှမဟုတ် G.C.E အောင်လက်မှတ်။

ဒီနေရာမှာ ကျွန်တော် ဂုဏ်ယူပြောချင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံက (၁၀)တန်း အောင်လက်မှတ်ကို G.C.E အဆင့်ရှိတယ်လို့ အင်္ဂလန်က အသိအမှတ်ပြုပါတယ်။ ကမ္ဘောဒီးယား Cambodia က (၁၀)တန်းကို G.C.E အောက်နိမ့်တယ်လို့ သတ်မှတ်ပါတယ်။ ဒါကြောင့် မြန်မာပြည်မှာ (၁၀)တန်းအောင်ပြီးရင် G.C.E တက်ဖို့၊ ဖြေဖို့ မလိုပါဘူး။ အဲဒီလို တက်နေတဲ့သူတွေရှိလို့ အသိပေးတာပါ။

IELTS တို့ TOEFL တို့ဆိုတဲ့ စာမေးပွဲတွေ ကျင်းပပေးတဲ့ အဓိကရည်ရွယ်ချက်ကိုက အမှန်တကယ်ပညာသင်မယ်၊ မသင်ဘူးဆိုတာကို စိစစ်တဲ့သဘောပါ။ ဒီလက်မှတ်တွေက ကျောင်းသားတွေရဲ့ အရည်အချင်းကို ဖော်ပြတာမဟုတ်ပါဘူး။ Information အဖြစ်သာ အသုံးပြုတာပါ။ HND Foundation ကို အောင်မြင်ကြောင်း Certificate ပြနိုင်ရင် Visa ရဖို့ အပြည့်အဝ မျှော်လင့်နိုင်ပါတယ်။

HND Foundation အောင်မြင်တဲ့ လက်မှတ်ရပြီဆိုတဲ့သဘောက အင်္ဂလန်မှာ HND (၂)နှစ် ဆက်လက်ဆည်းပူးဖို့ ပြင်ဆင်ပြီးပြီဆိုတဲ့ သဘောပါပဲ။

HND Foundation ကို ၁၉၉၉ခုနှစ်ကတည်းကစပြီး မြန်မာပြည်မှာသင်ခွင့်ရအောင် နဝရတ်ပညာရေးက ကြိုးစားနိုင်ခဲ့တာကို ရှေ့ပိုင်းမှာ ကျွန်တော်ပြောခဲ့ပြီးပါပြီ။ အင်္ဂလန်မှာ စတာလင်ပေါင် (3950) ပေးသင်ရမယ့် အဲဒီ HND Foundation ကို မြန်မာနိုင်ငံမှာ US$ 1200 နဲ့ ညီမျှတဲ့ မြန်မာကျပ်ငွေပေးပြီး သင်ခွင့်ရနေတာပါ။ (စတာလင်ပေါင် 3950 ဆိုတာဟာ US $ 7900နဲ့ ညီမျှပါတယ်။)

ဒါကြောင့် မြန်မာပြည်မှာ HND Foundation သင်ယူတဲ့အတွက် အကျိုးအမြတ်(၂)ခု ရပါတယ်။ ပထမအချက်က US$6700 တောင် သက်သာသွားတာပါ။ တချို့ကတွေးမယ်။ "သက်သာမှာပေါ့ မြန်မာပြည်ကပေးတဲ့ အောင်လက်မှတ်ကြီးကိုး" လို့။ အဲဒီလို လုံးဝ မဟုတ်ပါဘူး။ အဲဒီ Certificate က အင်္ဂလန်မှာ ကိုယ်တိုင်သွားတက်တဲ့ ကျောင်းသားတွေရတဲ့ Certificate နဲ့ the same ပါပဲ။ အတူတူပါပဲ။

ကျွန်တော် HND Foundation ကို မြန်မာပြည်မှာတက်တဲ့အတွက် ရရှိမယ့် ဒုတိယအကျိုးအမြတ်ကို ဆက်ပြောပါမယ်။ သူက ပိုလို့ အရေးကြီးပါတယ်။

ဗီဇာပေးမယ့် အရာရှိက ဗီဇာလျှောက်တဲ့ ကျောင်းသားဟာ အင်္ဂလန်ရောက်မှ သင်ရမယ့် Foundation ကို မြန်မာပြည်မှာ ဆည်းပူးတယ်၊ အောင်မြင်ထားတယ် ဆိုတဲ့အတွက် "ကျိန်းသေ . . . အင်္ဂလန်မှာ ပညာဆက်လက် ဆည်းပူးတော့မယ်"လို့ ကောက်ချက်ချတာပေါ့။ ဒါ Logical Thinking ပေါ့ဗျာ။ ကိုးကြောင်းဆက်စပ်ပြီး စဉ်းစားကြည့်ပေါ့။ ပြီးတော့ IELTS က အင်္ဂလိပ်စာ ကျွမ်းကျင်မှုကိုပဲ ဖော်ပြတာ၊ HND Foundation က အင်္ဂလိပ်စာရော၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုတွေ

တိုပါ ဖော်ပြပေးတာ။ ဒါကြောင့် HND Foundation က IELTS တို့ TOEFL တို့ထက်သာတာပါ။

HND Foundation အောင်ထားသူတွေဟာ အဲဒီ IELTS တို့ TOEFL တို့ ဖြေစရာမလိုတော့ဘူး။ အင်္ဂလန်နှင့်ဥရောပနိုင်ငံတွေက ကျောင်းသားအဖြစ် ကြိုဆိုလက်ခံတာကိုလည်း ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် HND Foundation ကို မြန်မာပြည်မှာ ကြိုတင်သင်ယူကြပါလို့ အကြံပြုပါတယ်။ တိုက်တွန်းပါတယ်။

ဗီဇာရဖို့ ဒုတိယအရေးကြီးတဲ့အချက်ကို ဆက်လက်တင်ပြချင်ပါတယ်။ ဒါက မိဘ၊ဆွေမျိုး စတဲ့ ငွေကြေးထောက်ပံ့မယ့် Sponsor ရဲ့ ခနအင်အား။ Sponsor အဖြစ် မိဘကိုဖော်ပြရင် အကောင်းဆုံးပါပဲ။ ကျောင်းသားနာမည်ပါတဲ့ အိမ်ထောင်စုစာရင်းထဲက အစ်ကို၊ အစ်မ၊ ဦးလေး၊ ဘကြီး စတဲ့သူတွေက Sponsor အဖြစ် ရပ်ပေးရင်လည်း ရပါတယ်။

Bank Account ပြဖို့လိုတဲ့အတွက် Visa မလျှောက်ခင်ကတည်းက Bank Account ဖွင့်ထားဖို့လိုအပ်ပါတယ်။ သက်တမ်းကြာလေကောင်းလေပါပဲ။ ၁၉၉၅ ခုနှစ်လောက်တုန်းက ကျပ်ငွေသိန်း(၆၀)လောက်

Bank Account ပြနိုင်ရင် Visa ပေးဖို့ စဉ်းစားပါတယ်။ အခုတော့ သိန်း(၃၀၀)ကျော်မှ ရဖို့သေချာပါတယ်။ နိုင်ငံခြားမှာ တုန်ကျမယ့် ကျောင်းလခ၊ အဆောင်ကြေး၊ Living Cost တွေ ထက်ပိုများတဲ့ ငွေပမာဏကို Bank Account မှာ ပြဖို့လိုပါတယ်။

(၁) Bank Account နဲ့အတူ ပိုင်ဆိုင်မှု Properties တွေ ပြဖို့လို ပါတယ်။ လုပ်ငန်း၊ အိမ်၊ မြေ၊ ကား စတဲ့ ပိုင်ဆိုင်မှု အထောက်အထား တွေ ပြရပါတယ်။

ဗီဇာလျှောက်လွှာဖြည့်ရာမှာ မှန်မှန်ကန်ကန်ဖြည့်ပေးပါ။ (အင်္ဂလန် ဗီဇာလျှောက်လွှာရဲ့ အပိုင်း(၇) Part - 7 ကို သေသေချာချာ သပ်သပ်ရပ်ရပ်၊ ကောင်းကောင်းမွန်မွန် ရေးသားဖို့လိုပါတယ်။ Paragraph Writing ဖြစ်ပါတယ်။ ဘာကြောင့် အင်္ဂလန်မှာ ပညာဆည်းပူး ချင်တာလဲဆိုတာကနေ၊ မိဘတွေရဲ့ ပံ့ပိုးနိုင်မှု ဆိုတာ တွေပါ ရေးပြဖို့လိုပါတယ်။)

ဗြိတိသျှသံရုံးက ဗီဇာကြေးကို မြန်မာငွေနဲ့ လက်ခံပါတယ်။ ဒီနေ့အထိ ဗီဇာကြေးက ကျပ် (၂၂၈၀၀၀)ဖြစ်ပါတယ်။

ဩစတြေးလျသံရုံးက ဗီဇာကြေးကို ဒေါ်လာ(၄၅၀)လို့ သတ်မှတ်ထားပါတယ်။ ဩစတြေးလျ Australia က Previsa

အရင်ပေးပြီးမှ Final Visa ကို ပေးပါတယ်။ Previsa ရပြီးတာနဲ့ ငွေပေးသွင်းရပါတယ်။ ဆေးစစ်ရပါတယ်။ သံရုံးက အသိအမှတ်ပြုတဲ့ ဓါတ်ခွဲခန်းမှာ သွားစစ်ရပါတယ်။ ဆေးစစ်ချက် Result ကို ဓါတ်ခွဲခန်း ကို တိုက်ရိုက်ပို့ပေးပါတယ်။

ကနေဒါ Canada မှာ ပညာသင်ယူမယ့်သူတွေက ထိုင်းနိုင်ငံ Bangkok မှာရှိတဲ့ Canada သံရုံးကိုသွားပြီး Visa ဝင်ရပါမယ်။ Sponsor ရဲ့ ငွေကို နိုင်ငံခြားဘဏ်မှာ Account ဖွင့်ပေးသွင်းပြီး တင်ပြရပါတယ်။

အမေရိကန်သံရုံးမှာ Student Visa လျှောက်ဖို့အတွက် ကိုယ်တက်မယ့် တက္ကသိုလ်၊ ကောလိပ်က ပို့ပေးတဲ့ I-20 စာလိုပါတယ်။

ဗြိတိသျှသံရုံးဗီဇာဌာနက ဗီဇာအမြန်စိစစ်တဲ့နည်းကို ကျင့်သုံးလာတာ (၁)နှစ်လောက်ရှိပါပြီ။ ဗီဇာအင်တာဗျူးကို လိုအပ်မှလုပ်ပါတယ်။ အချက်အလက်ပြည့်စုံပြီး ကျွန်တော် စောစောကပြောခဲ့တဲ့ ပညာရှာမှီးခဲ့တဲ့ Certificate တွေ၊ ငွေအင်အားပိုင်ဆိုင်မှုတွေနဲ့ ဗီဇာလျှောက်လွှာမှာ ရေးသားထားတာတွေကိုကြည့်ပြီး သဘောကျရင် (၁)ရက်၊ (၂)ရက် အတွင်း ဗီဇာပေးနေတာ တွေ့ရပါမယ်။

ဗီဇာအင်တာဗျူးခေါ်ရင်တော့ သူမေးတာကို နားလည်ဖို့နဲ့၊ မေးတဲ့မေးခွန်းကို လို-တို-ရှင်း နဲ့ သိမ်သိမ်မွေ့မွေ့ ဖြေဖို့လိုပါတယ်။ အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်သွားဖို့ လိုပါတယ်။ သပ်သပ်ရပ်ရပ် ဝတ်စားသွားတဲ့အတွက် ကိုယ်တွေ့ဆုံရမယ့်သူကို လေးစားမှုပြရာ ရောက်ပါတယ်။



# မောင်အောင်သက်ဟန် နှင့် IELTS

အင်္ဂလန်နိုင်ငံက မြန်မာပြည်ရဲ့ (၁၀)တန်းအောင်လက်မှတ်ကို GCE 'O' Level လို့ သတ်မှတ်ထားတဲ့အတွက် (၁၀)တန်းအောင်ပြီးတဲ့ ကျောင်းသားတွေအနေနဲ့ အင်္ဂလန်မှာ ပညာသင်ဖို့ GCE 'O' Level ထပ်ဖြေစရာမလိုဘူးဆိုတာကို ကျွန်တော် အကြိမ်ကြိမ် ဟောပြောခဲ့ပါတယ်။ မလိုအပ်ဘဲ အချိန်ကုန်၊ ငွေကုန် မဖြစ်ဖို့ ရည်ရွယ်ပြီး အကြံပြု ပြောကြားတာဖြစ်ပါတယ်။

IELTS တို့ TOEFL တို့ ဆိုတာကလည်း ကျောင်းသား တစ်ဦးရဲ့ အရည်အချင်းကိုဖော်ပြတဲ့ အောင်လက်မှတ်လို့ မယူဆတော့ပါ ဘူး။ ကျောင်းသားတစ်ဦးရဲ့ အင်္ဂလိပ်စာအဆင့် ဘယ်လောက်သင်ယူ ထားတယ်ဆိုတာကို ယေဘုယျဖော်ပြတဲ့ အချက်အလက် Information သာဖြစ်တယ်လို့ သတ်မှတ်လာကြပါတယ်။

ငယ်စဉ်ကတည်းက ကျောင်းစာ၊ ကျူရှင် ပို့ချချက်အပြင် Guide တွေနဲ့ စာကျက်ခဲ့တဲ့ အလေ့အထစွဲနေတဲ့ လူငယ်တွေဟာ စာမေးပွဲ ကို ဘယ်လိုဖြေယူရမယ်ဆိုတာ ကျွမ်းကျင်ပါတယ်။

စာမေးပွဲကို ဂုဏ်ထူးတွေနဲ့ အောင်ပေမယ့်၊ လက်တွေ့မှာ အောင်ထားသလောက် မတတ်တာကို တွေ့လာတဲ့အတွက် အဲဒီ IELTS တို့ TOEFL တို့ကို Information အတွက်သာ သုံးနေရတဲ့အဖြစ် ရောက်လာတာပါ။

HND Foundation အောင်မြင်တဲ့ ကျောင်းသားတစ်ယောက်ဟာ အင်္ဂလိပ်စာတင်မကဘဲ၊ သူသင်ယူမယ့် Subject ဘာသာရပ်တွေကိုပါ တတ်ကျွမ်းတာဖြစ်တဲ့အတွက် HND Foundation အောင်မြင်တဲ့သူတွေကို ကျောင်းဝင်ခွင့် လိုက်လှဲစွာ ခွင့်ပြုတာဖြစ်ပါတယ်။ IELTS ဖြေစရာမလိုပါဘူး။

နဝရတ်ကနေ နိုင်ငံခြားပညာသင်သွားမယ့်သူတိုင်း HND Foundation ကို အရင်ဆုံးသင်ရတဲ့အတွက် ကျောင်းဝင်ခွင့်ရသလို ဗီဇာ Visa အတွက်ပါ စိတ်ချရပါတယ်။ HND Foundation အတန်းကို မြန်မာနိုင်ငံမှာ ကြိုတင်သင်ယူတာကိုက အင်္ဂလန်မှာ ကျိန်းသေ ပညာသင်ယူမယ်ဆိုတာကို သက်သေပြရာရောက်ပါတယ်။

ကျွန်တော် အခုလို ဟောပြောပွဲတစ်ခုဟောပြီး တစ်နေ့မှာ မောင်အောင်သက်ဟန် ဆိုတဲ့ လူငယ်တစ်ယောက်နဲ့ နဝရတ်ပညာရေး

ရုံးခန်းမှာ ဆုံခဲ့ပါတယ်။ သူ နဝရတ်ကိုလာရတဲ့ အကြောင်းအရင်းက အင်္ဂလန်မှာ ပညာသင်ဖို့ကိစ္စ လာစုံစမ်းတာပါ။

သူက လန်ဒန်မှာရှိတဲ့ နာမည်ကြီးတက္ကသိုလ် University of East London မှာ Electrical & Electronics ဘာသာ သင်ချင်ကြောင်းနဲ့ HND ပုံစံမဟုတ်တဲ့ Academic ပုံစံနဲ့ သင်ယူလိုကြောင်း ပြောပါတယ်။ ဒါပေမယ့် နဝရတ်ရဲ့မူအရ HND Foundation တန်းကို တက်ပါမယ်လို့ ဆိုပါတယ်။ IELTS တက်လက်စအတန်းကို မတက်တော့ဘဲ HND Foundation တန်းပဲတက်ဖို့ သူက ဆုံးဖြတ်လိုက်ပါတယ်။ နဝရတ်မှာ HND Foundation သင်ယူရတာ ပုံမှန်(၆)လကြာပါတယ်။

မောင်အောင်သက်ဟန်က (၆)လကြာသင်ရတဲ့ HND Foundation သင်ရိုးအားလုံးကို (၅)လနဲ့ ပြတ်အောင် ကြိုးစားသင်ယူပါတယ်။ HND Foundation ပြီးတာနဲ့ နဝရတ်ကတဆင့် University of East London ကို (September Intake) စက်တင်ဘာကျောင်းဖွင့်အမီ ကျောင်းဝင်ခွင့်လျှောက်ပါတယ်။ University of East London က နဝရတ်နဲ့ ချိတ်ဆက်ထားတဲ့ တက္ကသိုလ်မဟုတ်တော့ IELTS တောင်းပါလေရော။

ဒါနဲ့ နဝရတ်က မောင်အောင်သက်ဟန်ကိုယ်စား HND Foundation ကို အင်္ဂလန်နိုင်ငံ Wigan & Leigh College နဲ့ ပူးတွဲပြီး ၁၉၉၉ ခုနှစ်ကတည်းက သင်ကြားပေးနေကြောင်း၊ University of East London ကို အီးမေးလ် (E-mail) နဲ့ ရှင်းပြပေးတဲ့အတွက် မောင်အောင်သက်ဟန်ကို (IELTS လုံးဝမပါဘဲ) HND Foundation အောင်ထားတဲ့အတွက် B.Engg (Hons) ကျောင်းသားအဖြစ် လက်ခံခဲ့ပါတယ်။ (၈-၉-၂၀၀၈)နေ့မှာ ဗီဇာရပြီး အခု University of East London မှာ သင်ယူနေပြီဖြစ်ပါတယ်။

မောင်အောင်သက်ဟန် ကျောင်းဝင်ခွင့်ရတာ၊ ဗီဇာရတာဟာ HND Foundation နဲ့ ဘယ်တက္ကသိုလ်၊ ကောလိပ်မဆို ဝင်ခွင့်ရတာကို သက်သေထူလိုက်တာပါပဲ။

ဒါကြောင့် အင်္ဂလိပ်စာ ထူးချွန်အောင်၊ တတ်ကျွမ်းအောင် ကြိုးစားပါ။ ဘယ်သင်တန်းမှာပဲ ဖြစ်ဖြစ်သင်ပါ။ အရေးကြီးဆုံးက အင်္ဂလိပ်စာမှ မဟုတ်ပါဘူး။ ဘယ်ဘာသာစကား Language မဆို ကိုယ်တိုင်၊ ကိုယ်ပိုင် လေ့လာမှု၊ လေ့ကျင့်မှု များမှ တတ်ကျွမ်းတာပါ။

အင်္ဂလိပ်စာသင်တန်းတက်တဲ့အချိန်မှာပဲ အင်္ဂလိပ်လိုပြော၊ အင်္ဂလိပ်လိုရေး၊ ကျန်အချိန်မှာ လုံးဝ လေ့လာတာ၊ လေ့ကျင့်တာ မရှိရင် အဲဒီ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ဖို့ မလွယ်ပါဘူး။ ကျွန်တော် ဆိုလိုတာက ကိုယ်တိုင်လေ့လာမှု Self Study က ပိုအရေးကြီးတယ်လို့ ဆိုချင်တာပါ။

HND Foundation ဘာသာရပ်တွေထဲမှာ ESOL (English for Speakers of Other Languages) ဆိုတဲ့ Intermediate Level အဆင့် အင်္ဂလိပ်စာကို မသင်မနေရသင်ရပါတယ်။ HND ရဲ့ သင်ကြားမှုပုံစံအရ စာမေးပွဲဖြေဆိုတဲ့စနစ်ကိုမသုံးဘဲ အဆက်မပြတ်လေ့ကျင့်ပေးပြီး အကဲဖြတ်တဲ့နည်းကို သုံးတဲ့အတွက် အင်္ဂလိပ်စာတိုးတက်မှု ကောင်းမွန်လာစေတာဖြစ်ပါတယ်။

# မှာလိုက်ချင်တယ်

မြန်မာပြည်ကနေ နိုင်ငံခြားမသွားခင် မှာလိုက်ချင်ပါတယ်။
" Control yourself."
" Manage yourself." လို့ပါ။

ဟိုက ယဉ်ကျေးမှုနဲ့ ကျွန်တော်တို့နိုင်ငံက ယဉ်ကျေးမှု တော်တော်ကွာခြားပါတယ်။ ဖိုမဆက်ဆံရေး ပွင့်လင်းလွန်း၊ ရင်းနှီးလွန်းတာကို ရောက်တာနဲ့ မတွေ့ချင်အဆုံး တွေ့ကြရမှာပါ။

အင်္ဂလန်က မိန်းကလေးတွေဟာ ဂန္ထဝင်စာရေးဆရာမ Emily Bronte ရေးသားတဲ့ Wuthering Heights ဝတ္ထုထဲက ဇာတ်ကောင် "ကက်သရင်း" Catherine တို့လို မဟုတ်တော့ဘူး။ ခေတ်နဲ့ ဖိုမဆက်ဆံရေးက အကြီးအကျယ်ပြောင်းသွားပြီ။

အားလုံးသိကြတဲ့အတိုင်း Living Together နေကြတာ ဘာမှ မဆန်းတော့ပါဘူး။ တစ်ယောက်ကနေ တစ်ရာအထိ ပြောင်းလည်းအပြစ်ပြောမယ့်သူမရှိဘူး။ "စွံလိုက်တာနော်" လို့တောင် ချီးကျူးကြမလား မသိဘူး။ လူမြင်ကွင်းမှာ နမ်းတာ၊ ဖက်တာ စတန့်မဟုတ်ဘူး။ သမရိုးကျကိစ္စ ဖြစ်နေတာ။

ကျွန်တော် အင်္ဂလန်ရောက်စက ရထားပေါ်မှာ ဖက်ကြ၊ နမ်းကြ လုပ်နေတာတွေ့ရတော့ မျက်စိလွှဲထားရတယ်။ ကျွန်တော် ရှေ့တည့်တည့် ခုံမှာကို နမ်းနေကြတာ။ ကြာလာတော့ သူတို့လည်း အားရပါးရနမ်းကြ၊ ကျွန်တော်ကလည်း ခေါင်းတငြိမ့်ငြိမ့်နဲ့ပဲ ကြည့်နေလိုက်တော့တာပါပဲ။

အဲဒါတွေကို အားမကျဖို့ လိုပါတယ်။ နိုင်ငံကြီးသူတွေ ခေတ်မီတယ်၊ စိတ်ချရတယ်ဆိုပြီး အထင်မကြီးလိုက်ပါနဲ့။ အဲဒီမှာလည်း AIDS ဝေဒနာရှင်တွေ ရှိနေတာပဲ။

မြန်မာမိန်းကလေးတွေ အနေနဲ့ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းခြင်းကို ဂုဏ်ယူကြစေချင်ပါတယ်။ အင်္ဂလန်နဲ့ ဥရောပမှာ ဖိုမဆက်ဆံရေး ကြမ်းတယ်ဆိုပေမယ့် ဘယ်ယောကျ်ားလေးကမှ အသားလွတ်ကြီး မစော်ကားရဲပါဘူး။ မိန်းကလေးတွေကို အပြည့်အဝ အကာအကွယ်ပေးတဲ့ ဥပဒေရှိပါတယ်။ အဲဒီအချက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဥပဒေနဲ့ အတူတူပါပဲ။

စင်ကာပူရောက် ကျောင်းသား၊ ကျောင်းသူတွေဆိုရင်လည်း Geylang ဆိုတဲ့ရပ်ကွက်ကို ဝေးဝေးကရှောင်သင့်ပါတယ်။ ဘန်ကောက်က 'ပတ်ပုန်း' လိုပါပဲ။ ပြည့်တန်ဆာမိန်းကလေးတွေ အင်မတန်သောင်းကျန်းတဲ့ နေရာပါ။ လိုင်စင်နဲ့ သောင်းကျန်းခွင့်ပေးထားတဲ့ နေရာပါ။ ကျွန်တော် ပြောချင်တာက ကိုယ့်ကိုကိုယ် ထိန်းသိမ်းဖို့ပါ။

Wigan & Leigh College မှာ ဘွဲ့ရတဲ့အထိ မြန်မာအမျိုးသမီး ဝတ်စုံနဲ့ပဲနေသွားတဲ့ ကျောင်းသူတစ်ဦးအကြောင်း အခုထိ Wigan က ဆရာတွေ ချီးကျူးနေကြတုန်းပါပဲ။ Birmingham က သူ့နာမည် ဒေါက်တာဒေါ်မာမာလွင် လို့ထင်ပါတယ်။ မြန်မာအမျိုးသမီးဝတ်စုံနဲ့ပဲ နေတယ်၊ အလုပ်ဆင်းတယ်။ ကိုယ့်ဂုဏ်သိက္ခာကိုကိုယ် လေးစားထိန်းသိမ်း တဲ့သူကို အများကလေးစားကြတာ သဘာဝပါ။ ကျွန်တော်က ကိုယ့်မြန်မာ ဝတ်စုံကို တန်ဖိုးထား ဝတ်စားကြသူတွေအကြောင်းကို ဥပမာပေး ပြောတာပါ။ အဝတ်အစားကို အလေးပေးပြောနေတာ မဟုတ်ပါဘူး။ ကိုယ်ကျင့်သိက္ခာထိန်းသိမ်းခြင်းက အဓိကပါ။

တချို့ မြန်မာကျောင်းသူလေးတွေ အတန်တန်မှာပါရက်၊ ပြောနေပါရက်နဲ့ သောကြာညကလပ်တွေကို အဖော်ကောင်းလို့ လိုက်သွားကြတယ်။ "တစ်ခါတလေ အတွေ့အကြုံရအောင်လို့ပါ" လို့ ဆင်ခြေပေးကြသေးတယ်။ အဲဒီ တစ်ခါတလေ အတွေ့အကြုံဆိုတာ မျိုးကြောင့် တစ်ခါတည်းနဲ့ ဒုက္ခရောက်သွားတတ်တာမျိုးမို့ ရှောင်ကြဉ်ပါ။

ကိုယ့်ကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ကြပါ။ ကိုယ့်ကိုယ်ကို "ရတနာ"လို တန်ဖိုးထားရင် ရတနာကို မြတ်မြတ်နိုးနိုး သိမ်းဆည်းသလို

ကိုယ့်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြမှာပါ။ အဲ . . . အမှိုက်လို သဘောထားရင်တော့ ပစ်စလက်ခတ်သာနေပေတော့။

နင်းချင်တဲ့သူ နင်း၊ ချေချင်တဲ့သူ ချေပဲ။

နိုင်ငံရပ်ခြားကို ပညာသင်သွားမယ့်သူတွေကို ထပ်ပြီးမှာချင်တာက Game ရောဂါမစွဲဖို့ပါ။ နေ့မအား၊ ညမအား Game ကစားသူတွေ များများလာပါတယ်။ ဟိုမှာက Game စက်တွေက အလွန်အမင်းခေတ်မီနေတော့ပိုကဲကြတယ်။ တစ်နေ့ Wigan ကောလိပ် ကျောင်းအုပ်ကြီးက ကျွန်တော့်ကို ဖုန်းဆက်ပြီး မြန်မာကျောင်းသားတစ်ယောက်ကိုစွလာရှင်းပေးဖို့ ပြောပါတယ်။ ကျောင်းသားနာမည်တော့ မပြောတော့ပါဘူး။ သူ့မိဘသိသွားရင် စိတ်ဆင်းရဲမှာ စိုးလို့ပါ။ ပြီးတာက ပြီးသွားပြီလေ။

ဒီချာတိတ်က Game ဆော့တဲ့နေရာမှာ ဆရာကြီး၊ ကျောင်းမတက်၊ အချိန်ပိုင်းအလုပ်မဆင်းဘဲနဲ့ကို ဆော့တာ။ အဆောင်အပေါ်ထပ်၊ အောက်ထပ် ချိန်းပြီး Game ပြိုင်ဆော့တယ်၊ ဟိုဘက်အဆောင်၊ ဒီဘက်အဆောင် ပြိုင်ဆော့တယ်။

အင်မတန် အသံပါဝါကောင်းတဲ့ Sound Box တွေတပ်ပြီး၊ အပစ်အခတ်ပါတဲ့ Game တွေကိုဆော့တော့ အဆောင်နားက အိမ်က

အဖွားကြီးက လန့်ပြီး ရဲကိုဖုန်းဆက်တိုင်တာ၊ ရဲကလာစစ်ပြီး ကျောင်းကို Report လုပ်တယ်၊ ကျောင်းက သူ့ကိုခေါ်တယ်။ သူက လူလည်၊ ကျွန်တော့်ကို ခေါ်ပေးပါလို့ ကျောင်းကို မေတ္တာရပ်ခံတယ်။ အဲဒါနဲ့ ကျွန်တော်ပါ ကျောင်းကို ရောက်သွားရတော့တာပေါ့။

သူ့ကိုတွေ့တော့ အင်မတန်စိတ်ထိခိုက်တဲ့ အမူအယာအပြည့်နဲ့၊ တိုတိုပြောရရင် 'နောင်ခုလို မဖြစ်စေရပါဘူး'လို့ ကျွန်တော်ကပါ တာဝန်ယူပါတယ်လို့ ပြောပေးရတာပေါ့ဗျာ။ သူ့ကိုဆုံးမပြီး ပြန်လွှတ်တော့ အဲဒီ အင်္ဂလိပ်ကျောင်းအုပ်ကြီးနဲ့ ဆရာတွေရှေ့မှာပဲ ကျွန်တော့်ကို မြန်မာလို ပြောသွားပါတယ်။ 'ဆရာ . . . နောင်ဆို ကျွန်တော် အသံတိုးပြီး ဆော့ပါ့မယ်' တဲ့။

တော်တော် အချိန်ဖြုန်းတီးတဲ့ ကစားနည်းပါ။ ကြာရင် အမြင်အာရုံရော၊ ဦးနှောက်ပါ ထိခိုက်နိုင်ပါတယ်။

နိုင်ငံခြားသွားပြီး ပညာသင်မယ့် ကျောင်းသား၊ ကျောင်းသူတွေ ရှောင်သင့်တဲ့ နောက်ကိစ္စတစ်ခုက အချိန်ပိုင်းအလုပ် အလွန်အကျွံ လုပ်တဲ့ ကိစ္စပါ။

1f. 2500ks



Manchester နဲ့ Wigan မှာ စက်ရုံတွေ တော်တော်များများရှိပါတယ်။ Heniz တို့ JJB တို့ State Side တို့လို ကိတ်မုန့်စက်ရုံ၊ အားကစားပစ္စည်းစက်ရုံ၊ ပီဇာစက်ရုံ တွေပေါ့လေ။ တစ်နာရီအတွက် အနည်းဆုံး လုပ်အားခ (၅. ၅)ပေါင်ရတယ်။ တစ်နေ့ (၈)နာရီလုပ်ကြတော့ (၄၄)ပေါင် ရတယ်။ တစ်နေ့ရတဲ့ (၄၄)ပေါင်က မြန်မာငွေတစ်သိန်း တစ်သောင်း(၁၁၀၀၀၀) ကျပ်နဲ့ညီမျှတော့ တစ်လလုပ်ရင် မြန်မာငွေ (၃၃) သိန်းလောက်ရပါတယ်။ နေတာနဲ့စားတာက တစ်လကို ပေါင် (၃၀၀) လောက်ပဲ ကျပါတယ်။ ဒါကြောင့် သူ့လက်ထဲမှာ ပေါင်(၁၀၀၀) လောက် အသာတင် ရှိနေရော၊ အိမ်ကို တစ်လ သိန်းနှစ်ဆယ်လောက် ပို့ပေး။ မိဘတွေကလည်း ပီတိဖြစ်တာပေါ့။ 'မာတာပီတု၊ ဥပဋ္ဌာနံ'လေ။ တကယ့် မင်္ဂလာတစ်ပါးပါ။

အဲဒီလောက်နဲ့ဆိုရင် ကျောင်းသားရော၊ မိဘပါ စိတ်ချမ်းသာရတာပေါ့။ ဒါပေမယ့် တချို့ကျောင်းသားတွေဟာ လောဘတွေတက်လာပြီး ဒီစက်ရုံမှာ (၈)နာရီလုပ်ပြီးရင် ဟိုစက်ရုံကို (၈)နာရီ ပြေးလုပ်ကြ၊ အိမ်ကို ငွေအပြိုင်အဆိုင်ပို့ကြ လုပ်လာရော၊ ဒီက မိဘတွေက တိုက်ဆောက်၊ ကားဝယ်နဲ့ ဟန်ကျပါရဲ့။ ဟိုနိုင်ငံခြားက ကလေးက

စာသင်ခန်းနဲ့ တဖြည်းဖြည်း ဝေးဝေးသွားပြီ. . . ။ ဒီလိုနဲ့ ကျောင်းလုံးဝ မတက်တဲ့အထိ ဖြစ်ပါရော။ ဒါ ကျွန်တော် ကိုယ်တွေ့မြင်နေရတာ. . ။

ဒီနှစ် ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့ကစပြီး အချိန်ပိုင်းလုပ်အားခငွေကို တစ်နာရီ စတာလင်ပေါင် (၅. ၅)ပေါင် ပေးရာကနေ (၅. ၇၃)ပေါင်အထိ တိုးမြှင့်လိုက်ပါတယ်။ ဗြိတိန်အစိုးရက တရားဝင်ပြဌာန်းပေးတာပါ။

ဗြိတိန်နိုင်ငံမှာ အသက်(၂၂)နှစ်နဲ့အထက် အရွယ်ရောက်တဲ့ သူတွေကို အဲဒီနှုန်းနဲ့ လုပ်အားခပေးပြီး၊ အသက်(၁၈)နှစ်နဲ့ (၂၁)နှစ် ကြားလူငယ်တွေကိုတော့ တစ်နာရီလုပ်အားခအဖြစ် (၄. ၇၇)စတာလင်ပေါင် ပေးပါတယ်။ အသက်ငယ်သူတွေကို အလုပ်ဒဏ်မပိအောင် အချိန်အများကြီး အလုပ်မလုပ်ရအောင် လုပ်အားခ လျှော့ပေးတဲ့နည်းကို သုံးထားတာပါ။

အရွယ်ရောက်ပြီး (၂၂)နှစ်အရွယ်တန်း မြန်မာကျောင်းသား တွေဟာ ဝင်ငွေကောင်းပါရက်နဲ့ တချို့ ကျောင်းသားတွေဟာ ကျောင်း ကို ကျောင်းလခရော၊ အဆောင်လခပါ ပေါင်စတာလင် သောင်းနဲ့ချီပြီး အကြွေးတင်နေကြပါတယ်။ မပေးနိုင်လို့ ကျောင်းကထွက်ပြေးရတဲ့အထိ ဖြစ်နေတာတွေ့ရပါတယ်။ တချို့က ငွေအပို့လွှန်သွားလို့ ကျောင်းလခ၊

အဆောင်လခ မသွင်းနိုင်တာ၊ တချို့က ဘောလုံးပွဲလောင်းတာ ရှုံးလို့၊ တချို့ကြပြန်တော့ မြန်မာပြည်က ရည်စားဆီ ဖုန်းဆက်ရလွန်းလို့ လုပ်အားခ ရသမျှလေး ကုန်သွားတာ။

အမှန်က အချိန်ပိုင်းလုပ်ပြီး ကျောင်း(၂)နှစ်၊ (၃)နှစ် ကြိုးစားတက်၊ ကျောင်းပြီးတာနဲ့ ရမယ့်အလုပ်က အချိန်ပိုင်းနေ့စားအလုပ်သမားဘဝထက် ဂုဏ်သိက္ခာလည်းရှိ၊ ဝင်ငွေကလည်း ငါးဆ၊ ဆယ်ဆလောက် ပိုရမှာ။ အဲဒီ (၂)နှစ်၊ (၃)နှစ် လောက် ကာလကို သည်းခံပြီး ကြိုးစားရုံနဲ့ တစ်ဘဝလုံး ချမ်းချမ်းသာသာနေသွားရမှာကို မတွေးကြဘူး။ မိဘတွေကလည်း အဲဒီအချက်ကို နားလည်ပြီး ကိုယ့်သားသမီး ပညာရေးလမ်းကြောင်းက သွေမသွားရအောင် ထိန်းသိမ်းပေးဖို့ လိုပါတယ်။

ကျွန်တော် ရှောင်ရန်အချက်တွေ ပြောပြီးပါပြီ။ 'ဆောင်ရန်' အချက်တချို့ ဆက်ပြောပါရစေ။ အင်္ဂလန်နိုင်ငံအစိုးရဟာ ပညာရေးကရတဲ့ဝင်ငွေ အင်မတန်များပါတယ်။ နိုင်ငံတကာကနေလာပြီး ပညာဆည်းပူးကြတဲ့သူတွေဆီက ရတဲ့ဝင်ငွေ အလွန်ကောင်းတဲ့အတွက် ပညာရေးကဏ္ဍကို အမြဲအကောင်းဆုံးဖြစ်အောင် ဂရုစိုက်ပါတယ်။ ပညာရပ် အသစ်သစ်တွေကို ပို့ချနိုင်တဲ့ ဆရာတွေ၊ ပညာရှင်တွေကို

အရအမိ စုဆောင်းကြပါတယ်။ အဲဒီ ပညာရှင်ဆရာတွေနဲ့ တပည့်တွေရဲ့ ဆက်ဆံရေးဟာလည်း အင်မတန် ပွင့်လင်းရင်းနှီးကြပါတယ်။

အဲဒီ အခွင့်အရေးကို ကျွန်တော်တို့ မြန်မာကျောင်းသားတွေ အရယူဖို့လိုပါတယ်။ အိန္ဒိယကလာတဲ့ ကျောင်းသားတွေ တော်ကြတာ အဲဒီအခွင့်အရေးကို အရယူကြလို့ပါ။ ကျွန်တော်တို့ မြန်မာကျောင်းသားတွေက ရှက်တတ်၊ ကြောက်တတ် ကြတယ်။ ဆရာတွေကို တရင်းတနှီး ချဉ်းကပ်ပြီး မသင်ယူကြဘူး။ နားမလည်တာ၊ မသိတာ၊ မရှင်းတာကို ပွင့်ပွင့်လင်းလင်း မမေးရဲကြဘူး။

ရှက်ရတဲ့အကြောင်းအရင်းက အင်္ဂလိပ်လိုပြောတာ အားနည်းလို့ပါ။ အမှန်က ဘာသာစကားဆိုတာ ပြောမှပြောတတ်မှာ၊ ရေးနေမှ အရေးအသား ကျွမ်းကျင်လာမှာ။ အင်္ဂလန်ရဲ့ ထူးခြားချက်တစ်ခုက စာကြည့်တိုက်တွေ ကောင်းတဲ့အချက်ပါ။ အဲဒီ စာကြည့်တိုက်တွေမှာ ဘာသာရပ်တွေအပြင် အင်္ဂလိပ်ဘာသာစကားကို လေ့လာဖို့ အင်မတန် ကောင်းတဲ့ စာအုပ်တွေ ရှိပါတယ်။ ဒါကြောင့် အခမဲ့ ငှားပြီး ဖတ်ကြ၊ မှတ်ကြပါ။

Computer တွေ အားပါတရ သုံးလို့ရတဲ့ Technology Centre တွေ အစိုးရပိုင်ကျောင်းတိုင်းမှာ ရှိပါတယ်။ အသုံးပြုခွင့်ပေးထားပါလျက်နဲ့ မသုံးဘူးဆိုရင် ကိုယ်အသုံးမကျရာ ရောက်ပါတယ်။ အသုံးချသင့်တာကို အသုံးမချတတ်ရင် အသုံးမကျတဲ့သူ ဖြစ်သွားမှာပဲ။ နည်းပညာခေတ်မှာ ကွန်ပျူတာ ကျွမ်းကျွမ်းကျင်ကျင်သုံးတတ်ဖို့ အရေးကြီးပါတယ်။

Assignment တွေ စာတမ်းပြုစုဖို့အတွက် Internet ကွန်ယက်ထဲကနေ အချက်အလက်တွေ အလွယ်တကူရှာလို့ရပါတယ်။ ဒါကြောင့် Technology Centre တွေနဲ့ အဆက်မပြတ်ဖို့ လိုပါတယ်။

အရေးကြီးဆုံးက ကိုယ်ဆည်းပူးနေတဲ့ ပညာရပ်ကို အမှန်တကယ် တတ်ကျွမ်းအောင် ကြိုးစားအားထုတ်ဖို့ လိုပါတယ်။ တကယ်တတ်ကျွမ်းတဲ့သူတွေကို အလုပ်က လာရှာရပါတယ်။ ကိုယ်က အလုပ်ကိုရှာဖို့မလိုပါဘူး။ ကိုယ်က အလုပ်ကိုရွေးဖို့သာ လိုပါတယ်။ ကိုယ့်ဘဝအတွက် အာမခံချက်ရှိအောင် အလားအလာကောင်းတွေ ပိုင်ဆိုင်အောင်၊ ကိုယ့်ကိုယ်ကို ပြုစုပျိုးထောင်ကြဖို့ လိုပါတယ်။

# အင်္ဂလန်မှာ အချိန်ပိုင်းအလုပ်ရအောင် ဘာတွေလိုသလဲ

"အင်္ဂလန်ရောက်ရင် အချိန်ပိုင်းအလုပ်ရဖို့ လွယ်ပါ့မလား'လို့ တချို့က မေးကြပါတယ်။ 'ဘယ်သူက အလုပ်ရှာပေးမှာလဲ'တို့၊ 'အလုပ်ရှာပေးတဲ့ ဝန်ဆောင်ခက ဘယ်လောက်လဲ'တို့ မေးမြန်းလေ့ရှိကြပါတယ်။

မန်ချက်စတာနဲ့ ဘာမင်ဟန် (Birmingham) မှာ စက်ရုံတော်တော်များများ ရှိပါတယ်။ ဒါကြောင့် အလုပ်ရဖို့ အင်မတန်လွယ်ပါတယ်။ ဘယ်သူမှ မကူလည်း ကိုယ့်ဘာသာ အလုပ်ရှာလို့ ရပါတယ်။ အလုပ်ရှာပေးတဲ့ ဝန်ဆောင်ခလည်း လုံးဝမပေးရပါဘူး။

Wigan မှာ အလုပ်သမားရှာပေးတဲ့ Job Agency တော်တော်များများရှိပါတယ်။ Head/ Light Year/ Bond/ Maindate ဆိုတဲ့ Job Agency တွေကို လူသိများကြပါတယ်။ အဲဒီ Job Agency တွေကို ကိုယ်တိုင်သွားပြီး ကိုယ့်နာမည်၊ ကျောင်းသားကဒ်၊ ဘဏ်စာရင်းဖွင့်နံပါတ် Account Number နဲ့ ကိုယ့်လက်ကိုင်ဖုန်း Hand Phone နံပါတ်တွေကို ပေးရပါတယ်။ အဲဒီလိုပေးပြီး တစ်ပတ်လောက်အကြာမှာ အလုပ်ရကြတာပါပဲ။

ပိုရှင်းအောင် စိတ်ထဲမှာမြင်သာအောင် ကျွန်တော် အသေးစိတ် ထပ်ပြောပါမယ်။ ပထမဆုံး အင်္ဂလန်ရောက်တဲ့နေ့ အဆောင်မှာ(၁)ရက် နားကြပါတယ်။ နောက်တစ်ရက် ကျောင်းမှာ Register လုပ်တဲ့အခါမှာ ကျောင်းကထောက်ခံပေးတဲ့ Bank Account ဖွင့်ဖို့ ထောက်ခံစာ ယူရပါတယ်။

အဲဒီ Bank Letter ဆိုတာက 'ဒီကျောင်းသားဟာ ဒီကောလိပ် မှာတက်နေတဲ့သူပါ။ သူ့ကို သင်တို့ဘဏ်မှာ Bank Account ဖွင့်ခွင့် ပြုပါ' ဆိုတဲ့စာပါ။ အဲဒီစာပြပြီး Bank Account ဖွင့်ရမယ်။ ငွေစသွင်းစရာမလိုပါဘူး။ ဘဏ်ကနေ ကိုယ့် Account နံပါတ် ပေးလိုက် လိမ့်မယ်။ အဲဒီနံပါတ်ကို အလုပ်လျှောက်တဲ့အခါ ပေးရမှာ။

အင်္ဂလန်မှာ အများအားဖြင့် တစ်လတစ်ကြိမ် လုပ်အားခ ရှင်းပေးတဲ့စနစ်ကို မသုံးဘူး။ တစ်ပတ်တစ်ကြိမ် ရှင်းပေးတာ။ ငွေရှင်းပေး တယ်လို့ ကျွန်တော်က နားလည်လွယ်အောင် ပြောတာပါ။ ကိုယ့် Bank Account ထဲကို စက်ရုံက တိုက်ရိုက်လွှဲပေးတာပါ။ ဒါကြောင့် Bank Account မရှိရင် အလုပ်ရဖို့ မလွယ်ဘူးပေါ့။

အလုပ်စဆင်းနိုင်ပြီဆိုတာကလည်း Phone Message (Text Message) ပို့ပြီး အကြောင်းကြားတာပါ။ တစ်ခါတစ်ရံ တိုက်ရိုက်ဖုန်းဆက် အသိပေးတာမျိုးလည်း ရှိပါတယ်။ ဒါကြောင့် ကိုယ်ပိုင် Hand Phone တစ်လုံးရှိဖို့ လိုပါတယ်။

England မှာ T Mobile, $O_2$, Orange, 3 Phone, Vodafone, Virgin စတဲ့ ဖုန်းကုမ္ပဏီတွေက ဖုန်းသုံးမယ့်သူကို Sim Card တွေ အခမဲ့ အပြိုင်အဆိုင် ပေးကြပါတယ်။ အလကားရတဲ့ အဲဒီ Sim Card ထဲမှာ (၅)ပေါင် အခမဲ့ဆက်ခွင့်၊ (၁၀)ပေါင် အခမဲ့ ဆက်ခွင့်ဆိုတာတွေတောင် အပြိုင်အဆိုင် ပေးကြပါတယ်။

အင်္ဂလန် စရောက်ရောက်ခြင်း Hand Phone ကို အခုလိုပဲ လွယ်လင့်တကူ အသုံးပြုနိုင်ကြပါတယ်။ ကိုယ်လိုသလောက် ငွေထည့် ပြောတဲ့စနစ်မို့ Pay as you go လို့ ခေါ်ပါတယ်။

နောင် အင်္ဂလန်ရောက်ပြီး (၃)လလောက်ကြာတော့ ကိုယ့် Bank Account မှာလည်း ငွေနည်းနည်းပါပါးစုမိပြီဆိုရင် စောစောက ပြောတဲ့ ဖုန်းကုမ္ပဏီတွေက နောက်ဆုံးပေါ် Hand Set လက်ကိုင်ဖုန်း လှလှတွေ အလကားပေးပါတယ်။ iPod ပါ လက်ဆောင်ပေးပါမယ်။

Digital Camera ပါ အဆစ်ပေးပါမယ်ဆိုပြီး E-mail နဲ့ အပြိုင်အဆိုင် ဆက်သွယ်တော့တာပါပဲ။ အဲဒါက Register Phone သုံးဖို့ပါပဲ။ အင်္ဂလန်နိုင်ငံတွင်း Free ခေါ်ဖို့ တစ်လကို မိနစ်(၁၀၀၀) အခမဲ့ပေးတဲ့ အထိ ပြိုင်ဆိုင်ပါတယ်။ မလေးရှားကိုခေါ်ရင် Free၊ စင်္ကာပူကိုခေါ်ရင် Free ဆိုတဲ့ အထိ Promotion ပြိုင်ဆိုင်ကြပါတယ်။

အချိန်ပိုင်း အလုပ်လျှောက်တဲ့နေရာမှာ အဲဒီ လက်ကိုင်ဖုန်း Hand Phone နံပါတ် ပေးရမှာဖြစ်တဲ့အတွက် အင်္ဂလန်ရောက်တာနဲ့ စောစောကပြောခဲ့တဲ့ ဖုန်းကုမ္ပဏီကဆိုင်တွေမှာ Sim Card တောင်းပြီး ကိုယ်ပိုင်ဖုန်းနံပါတ်ရှိအောင် လုပ်ထားဖို့လိုပါတယ်။

Wigan မှာက နှစ်ပေါင်း(၁၈၀)ကျော် အင်္ဂလိပ်အစိုးရပိုင် ဖွင့်လှစ်ခဲ့တဲ့ Wigan & Leigh College ရှိတာရယ်၊ မြို့က အေးအေး ချမ်းချမ်းရှိပြီး အချိန်ပိုင်းအလုပ် လုပ်ရတာ အဆင်ပြေလှတဲ့ စက်ရုံကြီး တွေရှိလို့ ရောက်လာတဲ့ ကျောင်းသားတွေ ပျော်ကြပါတယ်။

ကျောင်းသားအများစု အလုပ်လုပ်တဲ့ စက်ရုံနာမည်တွေက Heniz/ State Side/ Hichen Food နဲ့ အားကစားပစ္စည်းတွေထုတ်တဲ့ JJB စက်ရုံတွေဖြစ်ပါတယ်။ စက်ရုံတွေမှာ အလုပ်လုပ်ရတာ စိတ်ပေါ့ပါးတယ်။

စိတ်ဖိစီးမှု Stress မရှိဘူး။ စားသောက်ဆိုင်တွေမှာလုပ်ရတာ စိတ်ဖိစီးမှု Stress တွေဝင်ပါတယ်။

အားလုံးသိကြတဲ့အတိုင်းပါ။ ငွေ(၅၀၀)ကျပ်တန် (၁)ရွက် အိတ်ထဲထည့်လာတဲ့သူက လက်ဘက်ရည်ဆိုင်ထဲဝင်၊ လက်ဘက်ရည်(၁) ခွက်ကို အသံမာမာနဲ့မှာ၊ သူ့ကိုယ်သူ ဘီလျံနာလိုဟန်ပန်နဲ့ထိုင်ပြီး၊ စားပွဲထိုးက သူ့ထက်ချမ်းသာချင် ချမ်းသာမယ်၊ သူဟောက်တာတော့ ခံရတာပဲ၊ ဒါ နိုင်ငံတကာမှာ ဒီအတိုင်းပါပဲ။

ဒါကြောင့် စားသောက်ဆိုင်မှာ မလုပ်ချင်ကြတာ၊ စိတ်ဖိစီးမှု ဒဏ်ခံရတယ်လေ၊ ပညာသင်ယူနေတဲ့အချိန် အချိန်ပိုင်းလုပ်ရင် စိတ်ဖိစီးမှုကင်းတဲ့နေရာမျိုးမှာပဲ လုပ်သင့်ကြပါတယ်။

အချိန်ပိုင်းအလုပ်က ရတဲ့ဝင်ငွေဟာ နေဖို့၊ စားဖို့ လုံလောက်တဲ့ အပြင် Tuition Fees အတွက်ပါ စုဆောင်းနိုင်တာမို့ လုပ်သင့်ပါတယ်၊ မိဘတွေကို ညာတာရာလည်း ရောက်ပါတယ်၊ အလုပ်ခွင်မှာ အင်္ဂလိပ်လို ပြောနေရတဲ့အတွက် အင်္ဂလိပ်စကားပြောပါ တိုးတက်လာမှာ ဖြစ်ပါ တယ်၊ ငွေနောက်လိုက်ပြီး အလုပ်ထဲမှာတင် နစ်မသွားဖို့ကိုတော့ ကျွန်တော် ရှေ့ပိုင်းမှာ အလေးထား ပြောပြပြီးဖြစ်ပါတယ်၊

# NHS မှတ်ပုံတင်ဖို့ မမေ့နဲ့

National Health Service (NHS) ဆိုတာ ဗြိတိန်နိုင်ငံရဲ့ မြို့တိုင်း၊ ရက်ကွက်တိုင်း လိုလိုမှာ ရှိပါတယ်။ ကျောင်းသားတွေ အင်္ဂလန်မှာ နေထိုင်မကောင်းရင် ထိခိုက်ဒဏ်ရာရရင် အခမဲ့ကုသခွင့်ရဖို့ လိုပါတယ်။

တခါက ဘောလုံးကန်ရင်း မြန်မာကျောင်းသားတစ်ယောက် လက်ကျိုးသွားတယ်။ NHS ဆေးရုံကို ခေါ်သွားတော့ မှတ်ပုံမတင်ထားလို့ဆိုပြီး ကြည့်မပေးဘူး။ အပြင်ဆေးခန်းမှာ ကုလိုက်ရတယ်။ ငွေတော်တော်ကုန်သွားတယ်။ ဒါကြောင့် အင်္ဂလန်မြေရောက်တာနဲ့ (၁)လအတွင်း NHS မှာ မှတ်ပုံတင်ကြပါ။ အခမဲ့ မှတ်ပုံတင်ရတာပါ။

မှတ်ပုံတင်ပြီး (၁၀)ရက်လောက် အကြာမှာ ဆီးစစ်ဖို့စာ ရောက်လာလိမ့်မယ်။ ပြီးရင် သွေးစစ်၊ ရောဂါ ရှိ၊ မရှိ ရှာပေးတာပါ။ ရောဂါတွေ့ရင်လည်း ကုသပေးပါတယ်။ ထိခိုက်ဒဏ်ရာရရင်လည်း ကုသပေးတယ်။ ကိုယ်ဝန်ရှိရင်လည်း မွေးတဲ့အထိ တာဝန်ယူပေးတယ်။ ကလေး(၁)နှစ်အထိ အမေကို ဆေးဝါးအခမဲ့ကုပေးတာ။ ကလေးကိုတော့ (၁၆)နှစ်အထိ အဆက်မပြတ် အခမဲ့ တာဝန်ယူ ကုသပေးကြပါတယ်။

ဒါကြောင့် လစ်ဗျားနိုင်ငံကနေ အင်္ဂလန်ကိုလာပြီး ပညာသင်ယူကြတဲ့လူတွေဟာ ကိုယ်ဝန်ဆောင်မိန်းမကိုပါ မှီခို Dependant အဖြစ်တစ်ပါတည်း ခေါ်လာတတ်ကြပါတယ်။ လစ်ဗျားတစ်ယောက်ဆိုရင် သူ့မိန်းမကိုခေါ်လာတာ မန်ချက်စတာလေယာဉ်ကွင်းထဲကနေ ထွက်ထွက်ချင်း မွေးချတဲ့အထိ ဖြစ်တာ။

ယောကျ်ားက ကျောင်းတက်တယ်။ မိန်းမက မှီခိုအဖြစ် လိုက်လာရင်း ကလေးမွေးပြီး အမြတ်ထုတ်တတ်တာ နမူနာပါပဲ။ မှီခိုအဖြစ် လိုက်လာတဲ့သူက အချိန်ပြည့် အလုပ်လုပ်ခွင့်ရတဲ့အတွက် သူက အလုပ်လုပ်ပြီးတော့တောင် ပညာသင်နေတဲ့ ခင်ပွန်း၊ ဒါမှမဟုတ် ဇနီးကို ထောက်ပံ့နေတာမျိုး တွေ့ဖူးပါတယ်။

# HND ခေတ်

ပညာခေတ်မှာ ပညာပို့ချမှုပုံစံ၊ ပညာဆည်းပူးမှုပုံစံတွေ သိသိသာသာ ပြောင်းလဲလာပါတယ်။ သင်ယူဆည်းပူးထားတဲ့ပညာကို အသုံးချနိုင်မှုမရှိရင် ပညာဆည်းပူးမှုရဲ့လားရာဟာ သုည ဖြစ်သွားတတ်ပါတယ်။

" Knowledge is Power" ဆိုတဲ့ စကားကို အများကြားသိရင်းနှီးကြပြီး ဖြစ်ပါတယ်။ ပညာခေတ်မှာ အဲဒီ Knowledge ကို အသုံးပြု၊ အသုံးချနိုင်မှ Power လို့ ဆိုပါတယ်။ Knowledge ကို အသုံးမချနိုင်ရင် Power မဟုတ်တော့ပါဘူး။

အဲဒီလို ဆည်းပူးထားတဲ့ပညာကို စနစ်တကျ အသုံးချတတ်ဖို့ အတွက် ပညာပို့ချမှုပုံစံနဲ့ ပညာဆည်းပူးမှုပုံစံတွေ ပြောင်းသွားတာ ဖြစ်ပါတယ်။

စာသင်နေတဲ့ စာသင်ခန်းထဲမှာ သင်ပေးနေတဲ့ဆရာနဲ့ သင်ယူနေတဲ့ တပည့်တွေကို တွေ့မြင်ရပါလိမ့်မယ်။(လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အဲဒီ စာသင်ခန်းရဲ့ အဓိကအရေးကြီးဆုံးပုဂ္ဂိုလ်ဟာ သင်ကြားပေးနေတဲ့ ဆရာဖြစ်ပါတယ်။ သူ့ကို စာသင်ခန်း ရဲ့ ဗဟိုချက်မအဖြစ် အားလုံးက စူးစိုက်ရပါတယ်။)

(ဒီဘက်ခေတ်မှာ စာသင်ခန်းရဲ့ အဓိကအရေးကြီးဆုံးသူတွေက သင်ယူနေတဲ့ တပည့်တွေဖြစ်သွားပါတယ်။ သူတို့ကို အာရုံပြုစရာ ဗဟို နေရာမှာထားပြီး အပေးအယူ၊ ဝေဖန်-ဆွေးနွေးမှုတွေလုပ်ပြီး သင်ကြား ပို့ချတဲ့စနစ်ကို အလေးထားလာပါတယ်။)

ဆရာက ပို့ချမှုတစ်ခုကိုပေးပြီး အဲဒီ ပို့ချမှု အချက်အလက်ကို အခြေခံပြီး တပည့်တွေရဲ့ ဆင့်ကဲတွေးဆမှုတွေ ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးပါတယ်။ အဲဒီ တွေးဆ၊ ဆွေးနွေးမှုတွေ လုပ်ရင်း . . . လုပ်ရင်း စာသင်ခန်းရဲ့ Centre ဟာ ကျောင်းသားတွေဖြစ်လာပြီး၊ ကျောင်းသား (သင်ယူသူ)တွေက အဓိကကျလာတဲ့ ပုံစံဖြစ်ပါတယ်။

ကွန်ပျူတာနည်းပညာ တဟုန်ထိုး တိုးတက်လာရတဲ့ အဓိက အကြောင်းအရင်းဟာ အဲဒီ သင်ကြားမှုပုံစံသစ်ကြောင့်လို့ ဆိုရပါမယ်။ ဒါကြောင့် အဲဒီ HND (Higher National Diploma) သင်ကြားမှု ပုံစံသစ်ကို လေ့လာသင်ယူဖို့ ကျွန်တော် တိုက်တွန်းတာ ဖြစ်ပါတယ်။

မကြာခဏဟောပြောတဲ့အတွက် ကျောင်းသား တော်တော် များများ HND ရဲ့ တန်ဖိုးကို တဖြည်းဖြည်း သိလာကြပါပြီ။ လွန်ခဲ့တဲ့ (၃)နှစ်လောက်ကတည်းက ကျွန်တော် ဟောပြောခဲ့တဲ့ Seminar တွေမှာ

HND (Higher National Diploma) အကြောင်း ကျွန်တော် မိတ်ဆက်ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် သိပ်သဘောမပေါက်ကြဘူး။ HND ကို ဘာသာရပ်တစ်ခုရဲ့ နာမည်လို့ ထင်တဲ့သူက ထင်နေတုန်းပဲ၊ နှစ်သက်ရာ Major ဘာသာရပ်တွေ လေ့လာသင်ယူပြီးမှရတဲ့ B.A/ B.Sc လို ဘွဲ့မျိုးလို့ ဆိုရပါမယ်။

အင်္ဂလန်မှာ HND ကို အချိန်ပြည့် Full-time (၂)နှစ် သင်ယူရပြီး၊ အချိန်ပိုင်းတက်ရင် Part-time (၃)နှစ် သင်ယူရပါတယ်။ နိုင်ငံရပ်ခြား ကျောင်းသားတွေကို Part-time သင်ယူခွင့်မပြုတဲ့အတွက် Full-time (၂)နှစ် သင်ယူရတယ်လို့ပဲ မှတ်သားစေချင်ပါတယ်။

အင်္ဂလန်နိုင်ငံသား ကျောင်းသားတွေကိုယ်တိုင် HND ကိုပဲ အများစု သင်ယူကြပါတယ်။ အဲဒီလို သင်ယူကြရတဲ့ အကြောင်းအရင်း တစ်ချက်က HND ဟာ စာတွေ၊ လက်တွေ့နဲ့ အမှန်တကယ် တတ်ကျွမ်းအောင် တီထွင်ထားတဲ့ နည်းစနစ်ဖြစ်တဲ့အတွက် HND အောင်မြင်သူတွေဟာ အလုပ်အကိုင် အခွင့်အလမ်း ပိုရတဲ့အချက်ပါပဲ။

ဒုတိယအချက်က HND (၂)နှစ်သင်ယူပြီးတဲ့သူဟာ B.A/ B.Sc (Hons) တန်းရဲ့ Final Year ကို တိုက်ရိုက်သင်ယူခွင့်ရတဲ့အတွက်

HND ဘွဲ့လည်းရ B.Sc (Hons) ဘွဲ့ပါရတဲ့အတွက် ထိုက်ထိုက်တန်တန် ပိုရှိတယ်လို့ ဆိုကြပါတယ်။

တတိယအချက်ကတော့ သင်တန်းကြေး သက်သာသွားတဲ့ အချက် ဖြစ်ပါတယ်။ Academic ပုံစံနဲ့ First Year/ Second Year မှာ ကုန်ကျတဲ့ (၂)နှစ်စာ Tuition Fees ငွေဟာ HND (၂)နှစ်စာ ကျောင်းလခထက်ပိုများပါတယ်။ HND (၂)နှစ်တက်ပြီးမှ Academic Degree - Final Year ကို ခုန်ကူးသင်လိုက်တဲ့အတွက် ကုန်ကျငွေ သက်သာသွားတဲ့အပြင် ဘွဲ့(၂)ခုကို တပြိုင်နက်ရသွားတဲ့ အားသာချက် ကို နားလည်ကြဖို့ လိုပါတယ်။

HND ရပြီး ကျောင်းသားတစ်ယောက်ဟာ B.Sc (Hons) နောက်ဆုံးနှစ်ကို တန်းမတက်ဘဲ၊ အချိန်ပြည့်အလုပ်ထွက်လုပ်၊ အဲဒီလို (၁)နှစ်၊ (၂)နှစ် လုပ်ပြီးမှ B.Sc (Hons) Final တန်းကို တက်လို့ရပါ တယ်။ အစကတည်းက Academic line မှာ သင်ယူနေတဲ့ ကျောင်းသား ဟာ First Year/ Second Year (၂)နှစ် ပြီးရင် အပြင်ထွက်ပြီး (၁)နှစ် လောက် အလုပ်လုပ်တာမျိုး အခွင့်မရှိပါဘူး။ ဆက်တိုက် Third Year ဖြစ်တဲ့ Final တန်းကို ဆက်တက်ရမှာပါ။

အင်္ဂလန်လို့ အများခေါ်တဲ့ UK ဆိုတာ အင်္ဂလန် England၊ ဝေလပြည်နယ် Wales၊ စကော့တလန် Scotland နဲ့ မြောက်ပိုင်း အိုင်ယာလန် Northern Ireland တို့ကို စုစည်းထားတာ ဖြစ်ပါတယ်။ England/ Wales နဲ့ Northern Ireland က တက္ကသိုလ်၊ ကောလိပ် တွေမှာ HND ကို (၂)နှစ်ဆည်းပူးရပေမယ့် Scotland တက္ကသိုလ်၊ ကောလိပ်တွေမှာ HND ကို (၃)နှစ် ဆည်းပူးရပါတယ်။

HND ဘာသာရပ်အသီးသီးကို Unit (16) ခုနဲ့ ဖွဲ့စည်းပို့ချ ပါတယ်။ (၁)နှစ်ကို Semester (၂)ခု ခွဲထားတဲ့အတွက် (၂)နှစ်မှာ Semester (၄)ခု ခွဲထားတယ်လို့ ပထမဆုံး မှတ်သားထားစေချင် ပါတယ်။ Semester (၁)ခုမှာ Unit (၄)ခုနှုန်း သင်ကြားပို့ချ ပေးပါတယ်။ ဒါကြောင့် (၂)နှစ်ကြာတဲ့ Semester (၄)ခုကို တက်ပြီးရင် Unit (၁၆)ခု သင်ယူပြီးဖြစ်သွားတာပေါ့။

ပထမနှစ်မှာ Unit (၈)ခု၊ ဒုတိယနှစ်မှာ Unit (၈)ခု သင်ယူ ရတာဖြစ်ပါတယ်။ သင်ယူတဲ့နေရာမှာ လက်တွေ့ကျကျ တတ်မြောက် အောင် ကြိုးစားရပါတယ်။ အကြောင်းအရာတစ်ခု သင်ယူပြီးတိုင်း စာတမ်း Assignment တွေ ပြုစုရပါတယ်။ အုပ်စုလိုက် Group Project ရေးဆွဲပြီး ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ရပါတယ်။

HND ကျောင်းသားတစ်ဦးချင်းစီရဲ့ အရည်အသွေးကို Seven Common Skills လို့ခေါ်တဲ့ အရည်အချင်း အကဲဖြတ်စံ(၇)ချက်နဲ့ အကဲဖြတ်ပါတယ်။ ရေးဖြေစာမေးပွဲပုံစံနဲ့ အကဲမဖြတ်ပါဘူး။ ကျွန်တော် အဲဒီ Seven Common Skills အကြောင်း ရှင်းပြချင်ပါတယ်။

တစ်နှစ်လုံး စာသင်ပြီးရင် စာမေးပွဲပုံစံနဲ့ ရေးဖြေဖြေရတာက အရိုးစွဲနေတော့ HND ကိုလည်း စာမေးပွဲရေးဖြေရတဲ့ ပုံစံလို့ပဲ ထင်နေကြသူ များပါတယ်။

HND ဟာ စာမေးပွဲ စစ်ဆေးတဲ့ပုံစံမျိုး မဟုတ်ဘဲ၊ နှစ်စနှစ်ဆုံး ကျောင်းသားတစ်ဦးစီကို Seven Common Skills နဲ့ အကဲဖြတ်ပေးသွားတဲ့ ပုံစံသာဖြစ်ပါတယ်။

Seven Common Skills ရဲ့ ပထမအချက်က -

(1) Managing and Developing Self

ကျောင်းသားတစ်ယောက်ဟာ သူသင်ယူနေတဲ့ ဘာသာရပ်ကို တတ်ကျွမ်းဖို့အတွက် ကိုယ့်ကိုယ်ကို စီမံခန့်ခွဲတတ်ရပါတယ်။ ကိုယ့်ကိုယ်ကို Manage လုပ်နိုင်ရင် တိုးတက်မှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု Developing ဖြစ်လာမှာ မလွဲပါဘူး။

ဒါကြောင့် ကျောင်းသားတစ်ဦးချင်းစီမှာ ဒီအရည်အချင်း ရှိ၊မရှိ စိစစ်တာပါ။ ကျောင်းလည်း မှန်မှန်မတက်၊ စာသင်ချိန်မှာလည်း ဘာမှ စိတ်မဝင်စား၊ အပျော်အပါးနဲ့ Game ဆော့ဖို့ပဲ စိတ်ဝင်စား နေတဲ့ လူငယ်တစ်ယောက်ကို ကိုယ့်ကိုယ်ကို Manage လုပ်တာ အားနည်းသူလို့ သတ်မှတ်ရမှာပါ။

Seven Common Skills ရဲ့ ဒုတိယအချက်က -

(2) Working with & relating to others

ပညာသင်ယူချိန်၊ လက်တွေ့ဆောင်ရွက်ချိန်၊ အပြန်အလှန် ဘာသာရပ်ရဲ့ အကြောင်းအရာတွေ ဆွေးနွေးချိန်မှာ အတူတကွဆောင်ရွက် တတ်မှုကို အမှတ်ပေးအကဲဖြတ်ခြင်း ဖြစ်ပါတယ်။

အိမ်၊ အဆောင်၊ စာကြည့်တိုက် စတဲ့ အခန်းထဲမှာ တစ်ယောက်တည်း စာကျက်ပြီး စာမေးပွဲတွေမှာ ထိပ်ဆုံးကနေ အောင်မြင် ခဲ့တဲ့သူ တော်တော်များများဟာ အလုပ်ခွင်ရောက်တဲ့အခါ အများနဲ့ အတူတကွ အလုပ်မလုပ်တတ်တာ၊ အပြန်အလှန် နားလည်မှုမရှိဘဲ သီးခြားကြီး ဖြစ်နေတာတွေကို တွေ့မြင်ကြားသိဖူးကြမှာပါ။ ဒါကြောင့် Working with and Relating to others ဆိုတဲ့ အရည်အချင်းကို ပိုင်ဆိုင်အောင် လေ့ကျင့်ပေးခြင်းပဲ ဖြစ်ပါတယ်။

Seven Common Skills ရဲ့ တတိယအချက်က -

(3) Communicating

ပညာသင်ယူစဉ်မှာ စောစောကပြောတဲ့ Working with and relating to others ဆိုတဲ့ အရည်အချင်းကို ပိုင်ဆိုင်ဖို့ ဘာသာစကား ကျွမ်းကျင်မှုအခြေခံတဲ့ Communicating ဟာ အလွန်အရေးကြီးပါတယ်။

Communicating ဆိုတာ စကားပြောတစ်မျိုးတည်း မဟုတ်ပါဘူး။ ဘာသာစကားတိုင်းရဲ့ Four Skills ဖြစ်တဲ့ Reading/ Writing/ Speaking/ Listening အပြင် ဆက်သွယ်ရေးဆိုင်ရာ ခေတ်မီကိရိယာများကို နေရာတကျ သုံးစွဲတတ်မှုလည်း ပါဝင်ပါတယ်။

Seven Common Skills ရဲ့ စတုတ္ထအချက်က -

(4) Managing Task and Solving Problems

သင်ကြားပို့ချတဲ့ ဘာသာရပ်အလိုက် ဘာသာရပ်ဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာ ပြဿနာတွေကို ဖြေရှင်းပုံ၊ ဖြေရှင်းနည်း Solving Problem ကျွမ်းကျင်မှု ရှိ၊ မရှိ စိစစ်အမှတ်ပေးတာ ဖြစ်ပါတယ်။

ဘာသာရပ်နဲ့ လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု Managing Task ဟာ မရှိမဖြစ်လိုအပ်တာမို့ အဲဒီ ကျွမ်းကျင်မှုရအောင် လေ့လာ စိစစ် အမှတ်ပေးခြင်း နည်းစနစ် ဖြစ်ပါတယ်။

Seven Common Skills ရဲ့ ပဉ္စမအချက်က -

(5) Applying Numeracy

Numeracy ဆိုတဲ့ ဝေါဟာရကို ဒီဘက်ခေတ်မှာ တွင်တွင် ကျယ်ကျယ် သုံးလာတာဖြစ်ပါတယ်။ 'ကိန်းဂဏန်းတွေကို အသုံးချမှု' လို့ အဓိပ္ပာယ်ရတဲ့ Applying Numeracy ရဲ့ နယ်ပယ်က ကျယ်ဝန်းပါတယ်။

ဘာသာရပ်တိုင်းမှာ ကိန်းဂဏန်းဆိုင်ရာ တွက်ချက်မှုတွေ ရှိပါတယ်။ ကွန်ပျူတာထွန်းကားလာတဲ့ ခုလိုခေတ်ကြီးမှာ Applying Numeracy ကို ကွန်ပျူတာနဲ့ သုံးနိုင်တဲ့အထိ ကျွမ်းကျင်ဖို့လိုလာပါတယ်။ ဒါကြောင့် Seven Common Skills မှာ Applying Numeracy ဟာ တစ်ခုအပါအဝင် ဖြစ်လာရတာပါ။

ဆဋ္ဌမမြောက် Seven Common Skills ကတော့ -

(6) Applying Technology

HND ကျောင်းသားတွေအတွက် အင်မတန်အရေးကြီးတဲ့ Skill ဖြစ်ပါတယ်။ နိုင်ငံရပ်ခြားကို သွားရောက်ပညာသင်ယူခြင်းရဲ့ အဓိကအကြောင်းအရင်းကိုက နောက်ဆုံးပေါ် နည်းပညာ Technology ကို လေ့လာဆည်းပူးခွင့်ရဖို့ပဲ ဖြစ်ပါတယ်။ အဲဒီ နည်းပညာကို စနစ်တကျ အသုံးချနိုင်မှု ရှိ၊ မရှိ ကို အမှတ်ပေးတာ ဖြစ်ပါတယ်။

Seven Common Skills ရဲ့ သတ္တမမြောက် အချက်က -

(7) Applying Design and Creativity

ပညာရှင်တွေ တီထွင်ခဲ့တာ၊ ရေးသားခဲ့တာတွေကို လေ့လာ တတ်သိရုံနဲ့ မလုံလောက်တော့ပါဘူး။

ကျောင်းသားတိုင်း တီထွင်ကြံဆ၊ ပုံသစ် လောင်းနိုင်ဖို့ လိုပါတယ်။ ဒါကြောင့် Seven Common Skills မှာ Applying Design နဲ့ Creativity ကို ထည့်သွင်းထားတာ ဖြစ်ပါတယ်။ အဲဒီလို ကျောင်းသား တစ်ဦးချင်းကို Seven Common Skills နဲ့ အကဲဖြတ်ပြီးတဲ့အခါမှာ

ရမှတ်တွေကို

40 - 60 ဆိုရင် Grade က Pass

60 - 70 ဆိုရင် Grade က Merit

70 ကျော်ဆိုရင် Grade က Distinction လို့ သတ်မှတ်ပေးပါတယ်။

Assignment ပြုစု တင်ပြတာကိုလည်း အဲဒီ Seven Common Skills နဲ့ပဲ အကဲဖြတ်ပါတယ်။ အမှတ်ပေးပါတယ်။

ဗြိတိန်ကစတဲ့ HND သင်ကြားပုံနည်းစနစ်ဟာ ကျောင်းသားတွေအတွက် အလွန်အမင်းထိရောက်တဲ့နည်း (Extremely Effective Way) လို့ နိုင်ငံတကာက အသိအမှတ်ပြုကြပါတယ်။

အထူးသဖြင့် အလုပ်အကိုင်ခန့်ထားမယ့်သူများဟာ HND ကျောင်းသားတွေကို ဦးစားပေးရွေးချယ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ HND သင်ကြားနည်းစနစ်ရဲ့ ထိရောက်မှုကို နားလည်နေကြလို့ဖြစ်ပါတယ်။

## ရွေးချယ်ရန်ဘာသာရပ်များ

လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က အဖြစ်အပျက်ပါ။ ကျွန်တော်က (၁၀)တန်းအောင်ပြီးစ သား အငယ်ဆုံးကို 'မင်း ဘယ်ဘာသာကို ဝါသနာပါသလဲ'လို့ မေးတော့ 'မသိဘူးလေ' လို့ ပြန်ဖြေတယ်။

ကျွန်တော်က 'မင်းဘာဖြစ်ချင်သလဲကွာ - ဆရာဝန်လား၊ အင်ဂျင်နီယာလား၊ စီးပွားရေးလုပ်ငန်း ပညာရှင်လား၊ ကွန်ပျူတာ ပညာရှင်လား . . . ငါ အဲဒါကို မေးတာ' သူက ကျွန်တော့်ကို ခပ်ပြုံးပြုံး ကြည့်ရင်း 'မသိဘူးလေ' လို့ ဖြေပြန်ရော။

ကျွန်တော် အကြီးအကျယ် စိတ်ထိခိုက်သွားမိပါတယ်။ စိတ်ထဲကလည်း 'ဘုရား၊ ဘုရား' လို့ ဘုရားတမိပါတယ်။ သူငယ်တန်းကနေ (၁၀)တန်းအထိ ကျောင်းလည်းတက်ခိုင်း၊ ကျူရှင်ဆိုလည်း တက်ခိုင်းခဲ့တာ၊ (၁၀)တန်းလည်း အောင်ရော 'မသိဘူးလေတဲ့'။

ဒါကလွန်ခဲ့တဲ့ဆယ်နှစ်က အဖြစ်အပျက်ပါ။

မနေ့က (၁၀)တန်းအောင်ထားတဲ့ ကလေးမတစ်ယောက် သူ့အဖေနဲ့အတူ ကျွန်တော့်ကိုလာတွေ့ပါတယ်။ စင်ကာပူနိုင်ငံ ပညာရေး

အကြောင်း၊ အင်္ဂလန်နိုင်ငံ ပညာရေးအကြောင်း စေ့စေ့စပ်စပ်မေးပါတယ်။ 'သမီး အင်္ဂလန်မှာပဲသင်ချင်တယ်' လို့ ဆိုပါတယ်။ 'ဘယ်ဘာသာသင်ချင်တာလဲ'လို့ ကျွန်တော်မေးတော့ လွန်ခဲ့တဲ့ဆယ်နှစ်က ကျွန်တော့်သား ကျွန်တော့်ကို ပြုံးပြတဲ့အပြုံးမျိုးနဲ့ 'မသိသေးဘူး ဆရာ' တဲ့။

ဘယ်ဘာသာသင်ရင် ကောင်းမလဲဟင် ဆိုပြီး သူကပဲ မေးခွန်းပြန်ထုတ်ပါတယ်။ ကျွန်တော်က ကျွန်တော့်သားဆီက သင်ခန်းစာရပြီးသားဆိုတော့ မင်းဘာဝါသနာပါလဲ လို့ မမေးတော့ပါဘူး။ သမီးက တွက်ချက်ရတဲ့ သင်္ချာမှာ အားသန်တာလား၊ ဆေးပညာရပ်ကို သင်ချင်သလား၊ အင်ဂျင်နီယာဖြစ်ချင်တာလား၊ စီးပွားရေးလုပ်ငန်းနဲ့ဆိုင်တဲ့ Business ကို တက်ချင်၊ သိချင်တာလား ဆိုပြီး မေးလိုက်ပါတယ်။ ကျွန်တော်က မောပြီး သူက ခေါင်းမူးသွားပုံရပါတယ်။

သူ့အဖေဖြစ်သူက 'ဆရာ ဘယ်ဘာသာကိုသင်ရင် ငွေများများရတဲ့ အလုပ်ရသလဲ ဆရာ' တဲ့။ 'အင်္ဂလန်မှာတော့ ရေပိုက်ပြင်တတ်ရင် ငွေများများအရဆုံးပဲ' လို့ ကျွန်တော်ကဖြေတော့ သူတို့သားအဖက 'နောက်နေတာလား' ဆိုတဲ့ အကြည့်မျိုးနဲ့ ကျွန်တော်ကို ကြည့်ကြပါတယ်။

နိုင်ငံခြားကို ငွေအမြောက်အများအကုန်ခံပြီး ပညာသင်ဖို့ သွားမယ့်သူဟာ ဘဝအာမခံချက်ရှိပြီး အလုပ်မှာပျော်မွေ့တဲ့ ဘာသာရပ်ကို ကြိုပြီးစဉ်းစားချိန်ဆရွေးချယ်တတ်ကြဖို့ လိုပါတယ်။ ဆရာဝန်ဘွဲ့ယူပြီးခါမှ Tour Guide ဧည့်လမ်းညွှန် လုပ်နေတဲ့ တပည့်တွေ အများကြီး တွေ့ခဲ့ဖူးပါတယ်။ သူတို့သင်ခဲ့ရတဲ့ အချိန်ကာလကို သူတို့ကိုယ်စား နှမြောမိခဲ့ရပါတယ်။

ဒါကြောင့် နိုင်ငံရပ်ခြားကို ပညာသင်ဖို့ မသွားခင် ဘာသာရပ် ရွေးချယ်နိုင်ဖို့ ဘာသာရပ် အသီးသီးကို မိတ်ဆက်ပေးချင်ပါတယ်။

## Applied Biology (အသုံးချဇီဝဗေဒ)

Biology ကို သက်ရှိတွေအကြောင်း သင်ယူရတဲ့ ဘာသာရပ်လို့ သိကြပါတယ်။ မူလ Biology ဘာသာရပ်တနေ ဆင့်ပွားပြီး Molecular Biology ဘာသာရပ်ကို ဒီခေတ်မှာ အလေးထားလေ့လာကြပါတယ်။ မော်လီကျူး (molecule) တွေ တည်ဆောက်ပုံနဲ့ ဘယ်လိုပြုမူတယ်ဆိုတာကို အသေးစိတ်လေ့လာရတဲ့ ဘာသာရပ်ဖြစ်ပါတယ်။

သက်ရှိတွေ နာမကျန်းဖြစ်ရတာ၊ ရောဂါတွေခံစားရတဲ့အခါ ခန္ဓာကိုယ်ထဲက မော်လီကျူးတွေ အနေအထားကို စူးစမ်းတဲ့နည်းပညာကနေ ကုသဖို့အတွက် မော်လီကျူးတွေရှိရမယ့် အနေအထားတွေကိုပါ ဆည်းပူးလေ့လာရမှာ ဖြစ်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းကောင်းတဲ့ ဘာသာရပ်တစ်ခုဖြစ်ပါတယ်။

*Applied Biology* ဘွဲ့ရဖို့အတွက် သင်ယူရမယ့် ဘာသာရပ် တွေက-

*Level I*

1) Skills for Biosciences
2) Cellular Biology
3) Human Physiology
4) Cellular Processes
5) Human Health and Disease
6) Microbiology (biochemistry)

*Level II & III*

1) Pharmacology
2) Toxicology
3) Immunology
4) Medical Microbiology
5) Medical Biochemistry

6) Molecular Genetics and Biotechnology
7) Cellular Pathology, Haematology and Transfusion Science

ဒီဘာသာရပ်တွေကို တတ်ကျွမ်းအောင်သင်ယူရမှာ ဖြစ်တဲ့အတွက် ဆေးပညာနယ်ပယ်သာမကဘဲ၊ အခြားနယ်ပယ်လုပ်ငန်းတွေမှာပါ အလွန်အရေးတကြီး လိုအပ်တဲ့အတွက် စိတ်ဝင်စားစရာဘာသာရပ်တစ်ခု ဖြစ်ပါတယ်။ Biochemistry/ Biomedical Science စတဲ့ ဘာသာရပ်တွေကိုလည်း ရွေးချယ်သင်ယူနိုင်ပါတယ်။

## Forensic Science

မှုခင်းတွေအတွက် သက်သေခံရှာဖွေဖော်ထုတ်ရာမှာ အသုံးချရတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ ရဲမှုခင်းစုံစမ်းဖော်ထုတ်ရာမှာ အကျိုးပြုတဲ့ ဘာသာရပ်ဖြစ်ပါတယ်။

သင်ယူရမယ့်ဘာသာရပ်တွေက-

***Level I***

1) Skills for Biosciences
2) Cellular Biology
3) Human Physiology

4) Cellular Processes
5) Human Health and Disease
6) Legal Methods and Skills

*Level II & III*

1) Biochemical Techniques
2) Biological Evidence
3) Introduction to Toxicology and the Environment
4) Criminal Law
5) Forensic Analysis Applied Toxicology
6) Forensic Pathology and Serology
7) An Independent Research Project

## Pharmacology

ဆေးဝါးတွေရဲ့ အကျိုးအာနိသင်နဲ့ ဆေးဝါးထုတ်လုပ်တဲ့ နည်းပညာ ဖြစ်ပါတယ်။ သင်ယူရမယ့် ဘာသာရပ်တွေက -

*Level I*

1) Skills for Biosciences
2) Cellular Biology
3) Human Physiology
4) Cellular Processes
5) Human Health and Disease
6) Microbiology

*Level II*

1) Metabolism
2) Molecular Biology
3) Human Physiology (two modules)
4) Introductory Pharmacology
5) Neuropharmacology

*Level III*

1) Systems Pharmacology
2) Behavioural and Chemical Pharmacology
3) Biochemical and Chemical Toxicology
4) Applied Toxicology

## Business Studies

စီးပွားရေးလုပ်ငန်းတွေဟာ အမြဲရှင်သန် ဖွံ့ဖြိုးနေရပါတယ်။ စီးပွားရေးလုပ်ငန်း ဘာသာရပ်ဆိုတာမျိုးက ဘယ်တော့မှ မရှိးနိုင်တဲ့ ဘာသာရပ်ဖြစ်ပါတယ်။

*Level I*

1) Accounting and its Regulatory Framework
2) People, Organisations and Management
3) Studying for Business
4) Governing Business Activity
5) Introduction to Economics
6) Marketing: Principles and Practice

*Level II*

1) Customer Services Operations and Excellence
2) Career Management in Business
3) Supply Chain and Purchasing
4) Fundamentals of Finance
5) Two optional modules from a wide range

*Level III*

1) Research in Business and Management
2) Business Project
3) Strategic Management
4) Discovery Entrepreneurship
5) Two Optional Modules From A Wide Range

## Business Finance

*Level I*

1) Accounting and its Regulatory Framework
2) People, Organisations and Management
3) Studying for Business
4) Governing Business Activity
5) Introduction to Economics
6) Marketing: Principles and Practice

*Level II*

1) Career Management in Business
2) Fundamentals of Finance
3) Customer Service Operations and Excellence
4) Financial Reporting

*Level III*

1) Research in Business and Management
2) Project
3) Strategic Management
4) Management Accounting
5) International Finance

## Marketing

*Level I*

1) Accounting and its Regulatory Framework
2) People, Organisations and Management
3) Studying for Business
4) Governing Business Activity
5) Introduction to Economics
6) Marketing: Principles and Practice

*Level II*

1) Customer Services Operations and Excellence
2) Career Management in Business
3) Integrated Marketing Communications
4) Fundamentals of Finance
5) Small and Medium Enterprise Marketing
6) An Optional Module From A Wide Range

*Level III*

1) Research in Business and Management
2) Strategic Management
3) Buyer Behaviour and Analysis
4) International Marketing Management
5) Business Project
6) An Optional Module From A Wide Range

## Human Resources Management

*Level I*

1) Accounting and its Regulatory Framework
2) People, Organisations and Management
3) Studying for Business
4) Governing Business Activity
5) Introduction to Economics
6) Marketing: Principles and Practice

*Level II*

1) Customer Service Operations and Excellence
2) Career Management in Business
3) People Development
4) Fundamentals of Finance
5) People Resourcing
6) An Optinal Module From A Wide Range

*Level III*

1) Research in Business and Management
2) Strategic Management
3) Strategic HRM
4) Employee Relations
5) Business Project
6) An Optional Module From A Wide Range

## Computing

*Level I*

1) Study Skills
2) Introduction to Software Development
3) Website Design and the Internet
4) Introduction to Computer Systems
5) Visual Programming
6) Either Information Systems or Introducion to Computer Networking

*Level II*

1) Professional Issues
2) Database Systems
3) Four Optional Modules

*Level III*

1) Research and Academic Development
2) Workshop
3) Project
4) Three Optional Modules

## Computer Networks

*Level I*

1) Study Skills
2) Introduction to Software Development
3) Website Design and the Internet
4) Introduction to Computer Systems
5) Introduction to Computer Networking
6) Visual Programming

*Level II*

1) Internet Connectivity
2) Professional Issues
3) Operating Systems
4) Software Development

5) Network Systems and Technologies

6) Database Systems

*Level III*

1) Network Programming

2) Advanced Topics in Networks

## Computer Game Technology

*Level I*

1) Image Manipulation and Art
2) Computer Fundamentals and Context
3) Multimedia Principles and Design
4) Skills for Academic Success
5) Web Authoring and Management
6) Multimedia Practice and Professional Skills

*Level II*

1) Games Design
2) Animation Techniques
3) 2D, 3D and 4D Applications
4) Optional module
5) A double-weighted group project, which allows you to work in industry and build a prototype game

*Level III*

1) Current Issues in Multimedia
2) Ethical and Professional Issues
3) Marketing, Economics and Advertising
4) Current Issues in Computer Games
5) Usability
6) Project

## Software Engineering

*Level I*

1) Introduction to Software Development
2) Website Design and the Internet
3) Introduction to Computer Systems
4) Information Systems
5) Visual Programming
6) Study Skills

*Level II*

1) Information Systems Modelling and Design
2) Professional Issues
3) Operating Systems
4) Software Development
5) Usability Engineering
6) Database Systems

*Level III*

1) Advanced Information Systems Development
2) Network Programming
3) Research and Academic Development
4) Formal Methods in Software Engineering
5) Programming Paradigms
6) Project

## Information Technology

*Level I*

1) Spreadsheets and Databases
2) Hardware and Software
3) Web Page Production

*Level II*

1) User Interface Design
2) Networking
3) Information Systems and Database Development
4) Introduction to Programming and Scripting using Javascript and Visual Basic plus a choice of further modules

*Level III*

1) Systems Design
2) Work and The Users
3) Professional, Object-Oriented Programming Methodologies
4) (Dynamic Content Development for the WWW)
5) Ethical and Cultural Issues of ICT
6) Information Technology and Consumption
7) Innovation and Regulation of ICT

## B.Sc(Hons) or HND Computer Games Software Development

*Level I*

1) Games Design and Level Design
2) Programming for Games
3) Games Mathematics
4) Applied Physics
5) Introduction to Computing Technology

*Level II*

1) Games Hardware Architecture and Peripherals
2) Data Structures and Algorithms
3) Software Engineering
4) Games and Entertainment Technology

*Level III*

1) Advanced Games Technology
2) Business of Computer Games
3) Project

## Journalism

*Level I*

1) Histories of journalism
2) Theoretical approaches to the study of journalism in society
3) The basics of copy writing
4) Radio reporting
5) Digital media production
6) Journalistic techniques
7) Print or broadcast or online production

*Level II*

1) Understanding the Culture Industries
2) Working in the Culture Industries
3) Understanding News and the Newspaper Industry
4) Journalism and Page Design

*Level III*

1) Media Law, Ethics and Regulation
2) News Reporting
3) Magazine Media
4) Dissertation

## Media and Creative Industries

*Level I*

1) Anthropology
2) Communication Studies
3) Computer Games Design
4) Creative Writing
5) Cultural Studies
6) English Literature
7) Film Studies
8) History

9) Information Technology
10) International Politics
11) Journalism Studies
12) Linguistics
13) Media Studies
14) Multimedia
15) Music Culture
16) Performing Arts
17) Psycho-social Studies
18) Sociology
19) Sociology (Professional Development)
20) Third World Development
21) Visual Theories

***Level II & III***

At the end of Level 1 you choose the programme you wish to follow for the remainder of your degree. Media and Creative Industries offers you an unusual level of choice and you can follow any of these three routes.

## Early Childhood Studies

*Level I*

1) Critical Reading and Writing
2) Introduction to Early Childhood Studies

*Level II*

1) Research Design and Method
2) Professional Development
3) Issues in Child Development
4) Social Policy and Legislation

*Level III*

1) Management in Early Years Settings
2) Research Project

## Electrical & Electronic Engineering

*Level I*

1) Electronic & Digital Principles
2) Engineering Science
3) Engineering Industry & Society

4) Circuit Theory
5) Mathematics
6) Computing
7) Engineering Applications & Practice

***Level II & III***

1) Digital Electronic
2) Electrical Systems
3) Analogue Communication
4) Digital Communication
5) Electronic Computer Aided Design
6) Analogue Electronics
7) Fundamentals of Control Engineering
8) Group Design
9) Software Enginering
10) Microprocessor Systems
11) Financial & Industrial Organisation
12) Intelligent Systems
13) Embedded Systems
14) Digital Signal Processing

## Civil Engineering

*Level I*

1) Mathematics & Computing
2) Construction Materials
3) Surveying and Measurement
4) Study Skills
5) Geotechnical Properties and Construction Methods
6) Design and Structural Analysis

*Level II & III*

1) Hydraulics
2) Construction Management and Integrated Design
3) Water and Environmental Engineering
4) Research Project
5) Professional Practice

## Mechatronic Engineering

*Level I*

1) Mechanics of Materials
2) Mechanics of Machines
3) Eng. Thermodynamics A
4) Principles of Electronics
5) Computers and Modelling
6) Calculus
7) Introduction to Mechatronics
8) Calculus and Algebra

*Level II*

1) Mechanical Design for Mechatronics
2) Eng. Applied Mathematics and Statistics
3) Power Electronics 1
4) Operations and Quality Management
5) Dynamics

*Level III*

1) Project
2) Computer Software Engineering
3) Modern Control Theory

**Plus either 4 or 5 options** from the list below such that the options include:

1) Advanced Control
2) Computer Control and Instrumentation
3) Mechanics of Vibration
4) Mechanical System Design*
5) Mechanical System Design – Special Applications*
6) Industrial Management
   **OR** Economics and Management
7) Computer Hardware Engineering
8) Power Electronics 2*
9) Power Engineering Applications*
10) Signal Processing*

## Product Design

*Level I*

1) Design for Manufacture
2) Contexual and Business Studies
3) Product Engineering Science
4) Project 1
5) Project 2 (double module)

*Level II*

1) Design for Manufacture
2) Design Management and Innovation Strategy
3) Product Engineering Science (core for Product Design)
4) Contextual and Business Studies
5) Computer Applications and Projects (double module)
6) Project 3

*Level III*

1) Design for Manufacture
2) Contexual and Business Studies
3) Projects 5 and 6
4) Contexual Studies and Marketing
5) Innovative Materials and Design for Manufacture

## Sociology

*Level I*

1) Thinking Sociologically
2) Globalisation and Modernity
3) Globalisation and Modern Britain
4) Researching East London
5) Study Skills

*Level II & III*

1) Biography, Politics, and Society
2) Constructions of Race
3) Cultures of Sexuality
4) European Social Policy
5) Genealogies of Human Subjects
6) Generations, Age and Meaning
7) Globalisation and the Information Age
8) Identify and Difference
9) Islam in the Modern World
10) Post-Colonial Social Policy
11) Refugees, Migration and Development
12) Sociology of Lifetimes
13) Social Policy in Britain
14) The Radical Twentieth Century
15) Understanding Social Research
16) Women, Politics and Power
17) World Cities

## Health Services Management

*Level I*

1) Understanding Health
2) Personal and Professional Skills
3) Introduction to Management in Healthcare
4) Development of Healthcare
5) Introduction to Health Promotion
6) Public Health Foundations

*Level II*

1) Evidence-Based Practice
2) Research Methods
3) Information Management and Health
4) Managing Resources in Health

*Level III*

1) Project Module
2) Planning Change in Healthcare
3) Implementing Change in Healthcare

## International Tourism Management

*Level I & II & III*

1) International Travel and Tourism Systems
2) The Leisure Environment
3) Marketing Priciples and Practice
4) Customer Service Operations and Excellence
5) Sustainable Tourism
6) Fundamentals of Finance
7) Environmental Management of Tourism Destinations
8) Strategic Management
9) Tourism Destination Marketing
10) Tourism Policy and Planning
11) International Trade and Development
12) International Travel Logistics

# တက္ကသိုလ်၊ ကောလိပ် ရွေးချယ်ခြင်း

ကိုယ်သင်ယူရမယ့် ဘာသာရပ်ကို ပို့ချပေးမယ့် တက္ကသိုလ်၊ ကောလိပ် ရွေးချယ်တာမှန်ဖို့ အရေးကြီးပါတယ်။ ကမ္ဘာကျော် Times တို့၊ Newsweek တို့လို ကြော်ငြာခ အင်မတန်ဈေးကြီးတဲ့ စာအုပ်တွေထဲမှာ ကြေငြာထားလို့ အဲဒီကျောင်းတွေကို အထင်တကြီးဆက်သွယ်ပြီးမှ မှားသွားတာတွေ အများကြီးပါ။

လွန်ခဲ့တဲ့ ငါးနှစ်လောက်က၊ ကျွန်တော့် မိတ်ဆွေတစ်ယောက်နဲ့ အင်္ဂလန်နိုင်ငံ တော့ကေး Torquay မြို့ကို ကျွန်တော် ရောက်ခဲ့ပါတယ်။ အင်မတန်လှပတဲ့ ကမ်းခြေမြို့ဖြစ်ပါတယ်။ ကျွန်တော့်မိတ်ဆွေ မလေးရှားကနေ တော့ကေး Torquay မြို့ကို လာရတဲ့အကြောင်းအရင်းက Newsweek မှာ ကြော်ငြာပါတဲ့ Knightsbridge University မှာ MBA ဘွဲ့ယူဖို့ပါ။ သူက အဲဒီတက္ကသိုလ်ရဲ့ စာပေး စာယူအစီအစဉ်နဲ့ MBA ကိုသင်၊ စာတမ်းပြုစုပြီး၊ စာတမ်းတင်ပြီး၊ ဂုဏ်ထူးနဲ့ အောင်မြင်ပြီးလို့ အောင်လက်မှတ်ယူဖို့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ အင်္ဂလန် Torquay မြို့ကို ရောက်လာတာပါ။

သူနဲ့ကျွန်တော် လန်ဒန်မြို့ King Cross ဘူတာကနေ Torquay မြို့ကို ရထားနဲ့လာတဲ့ လမ်းတလျှောက်လုံး MBA ဘွဲ့အတွက် သူဘယ်လိုကြိုးစားခဲ့တယ်ဆိုတာကို မမောမပန်း သူပြောတာကို ကျွန်တော် စိတ်ဝင်တစား နားထောင်ခဲ့ရပါတယ်။

Torquay မြို့လည်းရောက်ရော အဲဒီတက္ကသိုလ်ကို ရှာလို့မတွေ့ဖြစ်ပါရော။ တက္ကသိုလ်ရဲ့ လိပ်စာနေရာမှာ (၂)ထပ်တိုက် ရုံးငယ်လေးတစ်ခုပဲ တွေ့ပါတယ်၊ အဲဒီ Torquay မြို့သားတွေကို တစ်ယောက်ပြီးတစ်ယောက် မေးတော့လည်း အဲဒီတက္ကသိုလ်ကို ကြားတောင်မကြားဘူးလို့ ဖြေကြတယ်။ ကျွန်တော့်ရဲ့ မလေးရှားက မိတ်ဆွေခမျာလည်း မျက်နှာငယ်နေပြီ။

ကျွန်တော်က Newsweek မှာပါတဲ့ အဲဒီတက္ကသိုလ်ရဲ့ လိပ်စာကို ထပ်ကြည့်ပြီး၊ စောစောက (၂)ထပ်တိုက်ရုံးငယ်ဆီ ပြန်သွားမယ်၊ ပြီးမှ အဲဒီရုံးငယ်မှာ ရုံးလိပ်စာ ထပ်မေးမယ်လို့ ကျွန်တော့်မိတ်ဆွေကို ပြောလိုက်ပါတယ်။ ဒီလိုနဲ့ နှစ်ယောက်သားရုံးငယ်ရှိရာ ပြန်ရောက်ခဲ့ပါတယ်။ ရုံးအဝင်အဝ ပင်မတံခါးနားမှာ ရုံးနဲ့ ကုမ္ပဏီနာမည်တွေ စုပေါင်းရေးထားတဲ့ ကြေးဝါပြားတစ်ချပ်ကို တွေ့ပါတယ်။ သေချာဖတ်ကြည့်တော့မှ Kinghtsbridge University ကိုတွေ့ပါရော။

ကျွန်တော့်မိတ်ဆွေက စိတ်မသက်မသာနဲ့ ကျွန်တော့်ကို ပြုံးပြပါတယ်။ ဒီလိုနဲ့ ဒုတိယထပ်မှာရှိတဲ့ တက္ကသိုလ်ရဲ့ ရုံးခန်းကို ရောက်ခဲ့ပါတယ်။ စားပွဲ(၁)လုံး၊ ထိုင်ခုံ(၃)ခုံပဲရှိတဲ့ မဟာရောမတက္ကသိုလ်။

တက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ကြီး ရုံးမလာပါဘူးတဲ့။ သူ့စားပွဲဘေးမှာရှိတဲ့ တခြားကုမ္ပဏီရဲ့စားပွဲက အမျိုးသမီးတစ်ဦးကို မေးကြည့်တော့ အဲဒီတက္ကသိုလ်ရဲ့ အဓိပတိကြီးက တစ်လကိုနှစ်ကြိမ်လောက်ပဲ ရုံးလာတယ်။ ကမ္ဘာတစ်ဝှမ်းက ဆက်သွယ်လာတဲ့စာတွေ သိမ်းဖို့လာတာတဲ့။ ကျွန်တော်က "အဲဒီတက္ကသိုလ် ပင်မအဆောက်အဦးတွေက ဘယ်မှာလဲဟင်"လို့မေးတော့ အဲဒီအမျိုးသမီးကပြုံးပြီး "ဒီစားပွဲပဲလေ"တဲ့။

ကျွန်တော့်မိတ်ဆွေခမျာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ပေါ့။ အဲဒီလို ရိုက်စားတက္ကသိုလ်တွေ နိုင်ငံတကာမှာ ရှိပါတယ်။ အဲဒီတက္ကသိုလ်တွေက ပေးတဲ့ဘွဲ့မျိုးကို အင်္ဂလိပ်လို Bogus Degree လို့ခေါ်ပါတယ်။ အတုအယောင်ဘွဲ့လို့ ဘာသာပြန်ရင် သင့်တော်မယ်လို့ထင်ပါတယ်။

အဲဒီလိုအဖြစ်မျိုး မကြုံရအောင် တက္ကသိုလ်၊ ကောလိပ်ရွေးချယ်ရာမှာ အစိုးရပိုင် တက္ကသိုလ်၊ ကောလိပ်ကို ရွေးတာ အမှန်ဆုံး

ပါပဲ။ အင်္ဂလန်မှာ အဲဒီလို ရိုက်စားလုပ်နေတဲ့ အမည်ခံ တက္ကသိုလ်၊ ကောလိပ် ဆိုတာတွေရှိတဲ့အတွက် နိုင်ငံရပ်ခြား Overseas Students တွေ အလိမ်မခံရလေအောင် ဗြိတိန်အစိုးရက Website တစ်ခု ဖွင့်ပေးထားပါတယ်။ http://www.dfes.gov.uk ဖြစ်ပါတယ်။

အဲဒီ Website ကိုဝင်ပြီး ကိုယ်ဆက်သွယ်သင်ယူမယ့် ကျောင်းနာမည်ကို ရိုက်ကြည့်လိုက်ရင် အဆင့်ရှိ အစိုးရအသိအမှတ်ပြု ကျောင်း ဟုတ်၊ မဟုတ် အဖြေရမှာ ဖြစ်ပါတယ်။

ကျွန်တော် မြန်မာ ကျောင်းသား၊ ကျောင်းသူတွေကို ထပ်ပြီး အကြံပြုစရာရှိပါတယ်။ ဒါက ကိုယ်နဲ့အသင့်တော်ဆုံး ကျောင်းကိုသာ ရွေးချယ်ပါဆိုတဲ့အချက်ပါပဲ။ တချို့ကျောင်းသားတွေက ကမ္ဘာကျော် Cambridge University, Yale University (USA), Oxford University တို့ကို ရွေးချယ်ချင်ကြပါတယ်။

ကိုယ်ရဲ့ပင်ကိုယ်အရည်အသွေး သိပ်မြင့်နေရင်၊ ပြီးတော့ မိဘက အလွန်အမင်းချမ်းသာနေရင် အဲဒီ ကမ္ဘာကျော် တက္ကသိုလ်တွေမှာ တက်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ကမ္ဘာကျော်တက္ကသိုလ်တွေကိုလာပြီး ပညာသင်ယူနေသူတွေရဲ့ အများစုဟာ နိုင်ငံတကာ အစိုးရ အဖွဲ့အစည်းတွေက သူတို့နိုင်ငံရဲ့ အတော်ဆုံးတွေကိုရွေးပြီး ပညာသင်လွှတ်ထားသူတွေ ဖြစ်နေလို့ပါပဲ။

သင်ကြားပို့ချတဲ့ဆရာကိုတောင် ကျော်လွှားဆွေးနွေးနိုင် အဆင့်ရှိသူတွေပါပါတယ်။ ဒါကြောင့် အဲဒီလို တက္ကသိုလ်ကြီးတွေ သင်ကြားပို့ချတဲ့ ဆရာတွေဟာ သင်ကြားရာမှာ အသေးစိတ် သင် မရှိတော့ပါဘူး။

အလယ်အလတ်အဆင့်ရှိတဲ့ တက္ကသိုလ်၊ကောလိပ်တွေမှာတော တပည့်အများစုကို (Average Quality) ပျမ်းမျှအရည်အချင်းရှိသူ လို့ သတ်မှတ်ပြီး သာမန်အဆင့်ရှိသူတွေဖြစ်တဲ့အတွက် သင်ကြားပို့ချ ဆရာတွေက အသေးစိတ်ပို့ချလေ့ရှိပါတယ်။ တပည့်တွေ နားလည် သဘောပေါက်တဲ့အထိကို ရှင်းလေ့ရှိပါတယ်။ ဒါကြောင့် သာမန်အဆင့် ပင်ကိုယ်အရည်အသွေး ရှိတဲ့သူတွေအနေနဲ့ အလယ်အလတ်အဆင့် တက္ကသိုလ်၊ ကောလိပ်တွေကိုသာ ရွေးချယ်သင့်ပါတယ်။

သင်ကြားပို့ချတဲ့ ဘာသာရပ်ရဲ့သင်ရိုးက အတူတူပါပဲ။ နိုင်ငံ တကာ အသိအမှတ်ပြုတာကလည်း အတူတူပါပဲ။ အဲဒီလိုတူပေမယ့် ကျောင်းလခ Tuition Fees ကျတော့ ကမ္ဘာကျော်တက္ကသိုလ်ကြီး တွေမှာ Tuition Fees အလွန်မြင့်ပါတယ်။

ကျွန်တော်အကြံပြုချင်တာက နိုင်ငံတကာအသိအမှတ်ပြု အစိုးရပိုင်ကျောင်း၊ Tuition Fees သက်သာပြီး အချိန်ပိုင်းအလုပ်ရလွယ် တဲ့ စက်ရုံတွေရှိတဲ့မြို့က တက္ကသိုလ်၊ ကောလိပ်ကို ရွေးချယ်ကြဖို့ပါပဲ။

ပါပဲ။ အင်္ဂလန်မှာ အဲဒီလို ရိုက်စားလုပ်နေတဲ့ အမည်ခံ တက္ကသိုလ်၊ ကောလိပ် ဆိုတာတွေရှိတဲ့အတွက် နိုင်ငံရပ်ခြား Overseas Students တွေ အလိမ်မခံရလေအောင် ဗြိတိန်အစိုးရက Website တစ်ခု ဖွင့်ပေးထားပါတယ်။ http://www.dfes.gov.uk ဖြစ်ပါတယ်။

အဲဒီ Website ကိုဝင်ပြီး ကိုယ်ဆက်သွယ်သင်ယူမယ့် ကျောင်းနာမည်ကို ရိုက်ကြည့်လိုက်ရင် အဆင့်ရှိ အစိုးရအသိအမှတ်ပြု ကျောင်း ဟုတ်၊ မဟုတ် အဖြေရမှာ ဖြစ်ပါတယ်။

ကျွန်တော် မြန်မာ ကျောင်းသား၊ ကျောင်းသူတွေကို ထပ်ပြီး အကြံပြုစရာရှိပါတယ်။ ဒါက ကိုယ်နဲ့အသင့်တော်ဆုံး ကျောင်းကိုသာ ရွေးချယ်ပါဆိုတဲ့အချက်ပါပဲ။ တချို့ကျောင်းသားတွေက ကမ္ဘာကျော် Cambridge University, Yale University (USA), Oxford University တို့ကို ရွေးချယ်ချင်ကြပါတယ်။

ကိုယ်ရဲ့ပင်ကိုယ်အရည်အသွေး သိပ်မြင့်နေရင်၊ ပြီးတော့ မိဘက အလွန်အမင်းချမ်းသာနေရင် အဲဒီ ကမ္ဘာကျော် တက္ကသိုလ်တွေမှာ တက်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ကမ္ဘာကျော်တက္ကသိုလ်တွေကိုလာပြီး ပညာသင်ယူနေသူတွေရဲ့ အများစုဟာ နိုင်ငံတကာ အစိုးရ အဖွဲ့အစည်းတွေက သူတို့နိုင်ငံရဲ့ အတော်ဆုံးတွေကိုရွေးပြီး ပညာသင်လွှတ်ထားသူတွေ ဖြစ်နေလို့ပါပဲ။

သင်ကြားပို့ချတဲ့ဆရာကိုတောင် ကျော်လွှားဆွေးနွေးနိုင်တဲ့ အဆင့်ရှိသူတွေပါပါတယ်။ ဒါကြောင့် အဲဒီလို တက္ကသိုလ်ကြီးတွေက သင်ကြားပို့ချတဲ့ ဆရာတွေဟာ သင်ကြားရာမှာ အသေးစိတ် သင်လေ့ မရှိတော့ပါဘူး။

အလယ်အလတ်အဆင့်ရှိတဲ့ တက္ကသိုလ်၊ကောလိပ်တွေမှာတော့ တပည့်အများစုကို (Average Quality) ဖျမ်းမျှအရည်အချင်းရှိသူတွေ လို့ သတ်မှတ်ပြီး သာမန်အဆင့်ရှိသူတွေဖြစ်တဲ့အတွက် သင်ကြားပို့ချတဲ့ ဆရာတွေက အသေးစိတ်ပို့ချလေ့ရှိပါတယ်။ တပည့်တွေ နားလည် သဘောပေါက်တဲ့အထိကို ရှင်းလေ့ရှိပါတယ်။ ဒါကြောင့် သာမန်အဆင့်၊ ပင်ကိုယ်အရည်အသွေး ရှိတဲ့သူတွေအနေနဲ့ အလယ်အလတ်အဆင့် တက္ကသိုလ်၊ ကောလိပ်တွေကိုသာ ရွေးချယ်သင့်ပါတယ်။

သင်ကြားပို့ချတဲ့ ဘာသာရပ်ရဲ့သင်ရိုးက အတူတူပါပဲ။ နိုင်ငံ တကာ အသိအမှတ်ပြုတာကလည်း အတူတူပါပဲ။ အဲဒီလိုတူပေမယ့် ကျောင်းလခ Tuition Fees ကျတော့ ကမ္ဘာကျော်တက္ကသိုလ်ကြီး တွေမှာ Tuition Fees အလွန်မြင့်ပါတယ်။

ကျွန်တော်အကြံပြုချင်တာက နိုင်ငံတကာအသိအမှတ်ပြု အစိုးရပိုင်ကျောင်း၊ Tuition Fees သက်သာပြီး အချိန်ပိုင်းအလုပ်ရလွယ် တဲ့ စက်ရုံတွေရှိတဲ့မြို့က တက္ကသိုလ်၊ ကောလိပ်ကို ရွေးချယ်ကြဖို့ပါပဲ။

# အနာဂတ်ဘဝအလားအလာများ

ကျွန်တော် ဟောပြောခဲ့တဲ့ ခေါင်းစဉ်အရ "နိုင်ငံရပ်ခြားပညာသင်ယူခြင်း" ဆိုတဲ့ အပိုင်းကို ကျွန်တော် တော်တော်များများ ပြောပြီးပါပြီ။

ဟောပြောနေတဲ့ ခေါင်းစဉ်က "နိုင်ငံရပ်ခြားပညာသင်ယူခြင်းနှင့် အနာဂတ်ဘဝအလားအလာ" ဆိုတော့ ဒုတိယအပိုင်းဖြစ်တဲ့ 'အနာဂတ်ဘဝအလားအလာ' ဆိုတဲ့ အပိုင်းကို ကျွန်တော် ဆက်ပြောပါ့မယ်။

"ပစ္စုပ္ပန်သည် အတိတ်၏သား

အနာဂတ်၏ ဖခင် . . .။"

လို့ အာဇာနည် (ဒီးဒုတ်ဦးဘချို) က ပြောခဲ့ဖူးပါတယ်။

အင်မတန် တန်ဖိုးကြီးမားတဲ့ အဆိုအမိန့်ဖြစ်ပါတယ်။ ဒီနေ့ ရှင်သန်နေတဲ့ ကျွန်တော်တို့ရဲ့ မျက်မှောက်ကာလဘဝအသီးသီးကို ကျွန်တော်တို့ ဖြတ်သန်းခဲ့တဲ့ အတိတ်က မွေးဖွားပေးလိုက်တာလို့ အာဇာနည်ကြီးတစ်ဦးဖြစ်တဲ့ ဒီးဒုတ်ဦးဘချိုက ဆိုလိုပါတယ်။ အတိတ်မှာ ကြိုးပမ်းခဲ့သမျှ အကျိုးရလဒ်တွေကို မျက်မှောက်ကာလမှာ ခံစား၊ စံစား နေကြရတာ ဖြစ်ပါတယ်။

တွေကို ကြိုတင်သိဖို့၊ ကာကွယ်နိုင်ဖို့၊ ကွန်ပျူတာနည်းပညာရဲ့ ကဏ္ဍဟာ ပညာရှင်တွေအတွက် Job Opportunity ခေါ်တဲ့ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ ပေါ်ပေါက်လာတယ်။

ပညာရပ်တွေဟာ သီးခြားရှိမနေဘူး။ တစ်ခုနဲ့တစ်ခု ဆက်နွယ်နေပါတယ်။ ကမ္ဘာကြီး တည်ရှိနေသရွေ့၊ လူသားတွေ ရှင်သန်နေသရွေ့ နည်းပညာရှင်တွေ အမြဲလိုအပ်နေမှာပါပဲ။ ကျွန်တော်တို့အားလုံး အနာဂတ်ဘဝ အလားအလာကောင်းတွေ ပိုင်ဆိုင်ချင်ကြပါတယ်။

ရည်မှန်းချက် မြင့်မြင့်ထားပါ . . .။

မျှော်လင့်ချက်ကြီးမားစွာနဲ့ ကြိုးစားပါ . . .။

အနာဂတ်ဘဝ အလားအလာကောင်းတွေ ကျိန်းသေ ပိုင်ဆိုင်ကြမှာပါ။

ကြိုးစားအားထုတ်မှုအားလုံး အောင်မြင်ကြပါစေ . . .။

မိမိအတွက်၊ မိမိမိသားစုအတွက်၊ မိမိနိုင်ငံအတွက် ဂုဏ်ယူရတဲ့ လူငယ်ပညာရှင်တွေ ဖြစ်လာကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။

**ဈေးရှေးတင်ဝါတယ်။**